ဒိုက်ဦးဆရာတော်
ဓမ္မကထိကဦးကောသလ
(ရတနာသိင်္ဂီကျောင်း)

ရေးသားတော်မူသော

# နိဗ္ဗာန်သွားလျှင်ခရီးစဉ်

ဓမ္မဒါန

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၃—စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၃၁၉—ခု။

၁၀

၁၈၀၄၃

ဒိုက်ဦးဆရာတော်

ဓမ္မကထိက ဦးကောသလ

(ရတနာသိဂ်ကျောင်း)

ရေးသားတော်မူသော

# နိဗ္ဗာန်သွားလျှင်ခရီးစဉ်

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၃—စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၃၃၉—၃။

ထုတ်ဝေသူ — ဦးစိုးသိမ်း ကင်းလွတ်ခွင့် အမှတ်· ၀၃၈၃၇
အမှတ်· ၄၉၊ အုတ်လမ်း ဗဟန်း
ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်· ၉၆၉၉
၂၉၄၊၃
က၁၁၈
၁၀၀၈၃

ပုံနှိပ်သူ — ဦးသိန်းဝင်း မှတ်ပုံတင်အမှတ် ၀၂၁၅၅
သုဓမ္မဝတီစာပုံနှိပ်တိုက်
အမှတ်· ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊
ရန်ကုန်မြို့။

၁၃၃၉ - ခု၊ နယုန်လ ပထမအကြိမ် အုပ်ရေ ၂၅၀၀။

ဓမ္မဒါန

# နိဒါန်း

ဒိုက်ဦးမြို့ ပရိယတ္တိစာသင်တိုက် ခေမာသိဝံ ဆရာတော်ဘုရားကြီး ဒိုက်ဦးမြို့ ပဋိပတ္တိ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပညာဇောတ တို့၏ တပည့် ဒိုက်ဦးမြို့ ရတနာသိင်္ဂီကျောင်း ဦးကေသရသည် ဒါယကာ ဒါယိကာမများ လျှောက်ထားချက်ကြောင့် ပိဋကတ်တော်မှ မိမိမှတ်သား မိသမျှနှင့် လယ်တီ ဆရာတော်ဘုရားကြီး၏ ဒီပနီ ညောင်လေးပင် တောရကြီး ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်အရသာ ဟံသာဝတီ ဆရာတော်ဘုရားကြီး၏ ဩဝါဒ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ကျမ်းဂန်ဩဝါဒ ပုသိမ်မြို့ သန္တာရုံ ဆရာတော်ဘုရား၏ သက္ကာယဒိဋ္ဌိ ဝိနိစ္ဆယ စသော ကျမ်းဂန်ဩဝါဒတို့ကို အာစရိယ ဝါဒထား၍ သာသနာတော်ကြီးနှင့် ကြုံခိုက်မှာ ရရှိသင့် ရရှိထိုက်သည့် ဝိပဿနာဉာဏ် မဂ်ဉာဏ်များ ဖြစ်ပေါ်ရေးအတွက် အားထုတ် တတ်ကြ ပါစေရန် ရည်မှန်းလျက် နိဗ္ဗာန်သွားလျှင် ခရီးစဉ် ဟူသော စာစောင်ကို ရေးသားထုတ်ဝေလိုက်ရပေသတည်း။

တောင်းပန်ချက်

လိုတာကိုစွက် — ပိုတာဖျက်

နှစ်သက်ရှင်စွာ — ကြည့်ရှုပါ။

ဦးကေသရ။

## ကောင်းမှုရှင်များ

ဒိုက်ဦးမြို့- မြို့ဦးလမ်း၊ ဦးလုံးနှင့် သမီး မပိန်- မခင်လှတို့က ၅၀၀ိ-ကျပ် လှူဒါန်းပါသည်။

ဒိုက်ဦးမြို့- ရေကျော်လမ်း၊ ဒေါ်မြငွေ့ သမီး မငြိမ်းတို့က ၅၀ိ-ကျပ် လှူဒါန်းပါသည်။

ဒိုက်ဦးမြို့နယ်- ဖအောင်ဝဲရွာ၊ ဦးတင်ရှိန်- ဒေါ်လှကြည် တို့က ၅၀ိ-ကျပ် လှူဒါန်းပါသည်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | ဟောတော်မူတဲ့ အတိုင်းကျင့်ပါ .... .... | ၁ |
| ၂။ | သီလ သမာဓိ ပညာ သိက္ခာသုံးပါး .... | ၁ |
| ၃။ | သမထ- ၄၀ .... .... | ၂ |
| ၄။ | ဝိပဿနာ- ၄၀ .... .... | ၆ |
| ၅။ | အလုပ်ခွင်တည်ပုံ .... .... | ၈ |
| ၆။ | သမထခဏ်း .... .... | ၉ |
| ၇။ | ဝိပဿနာခဏ်း .... .... | ၁၁ |
| ၈။ | လမ်းခွဲ ၁၀- ခု .... .... | ၁၅ |
| ၉။ | ဉာဏ်စဉ် ၁၆-ပါး .... ... | ၂၀ |
| ၁၀။ | သောတာပန်ပယ် ကိလေသာ .... .... | ၃၇ |
| ၁၁။ | အထင်မှားစရာ တခုရှိသည် .... .... | ၄၃ |
| ၁၂။ | ပစ္စဝေက္ခဏာဉာဏ် .... .... | ၄၆ |
| ၁၃။ | အားထုတ်မှုလုံ့လထားရန် .... .... | ၄၇ |
| ၁၄။ | မိလက္ခတိဿ မထေရ် .... .... | ၄၈ |
| ၁၅။ | သောပါကမထေရ် .... .... | ၅၂ |
| ၁၆။ | နန္ဒိက္ခယသုတ္တန် .... .... | ၅၄ |
| ၁၇။ | အဝိဇ္ဇာပဟာနသုတ် .... .... | ၅၆ |
| ၁၈။ | သောတာနုဂတသုတ္တန် .... .... | ၅၉ |
| ၁၉။ | လယ်တီဆရာတော် ပဋိစ္စသမုပ္ပါဒဒီပနီ .... | ၆၂ |

# မာတိကာ

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာနံပါတ်


၂၀။ လယ်တီဆရာတော် ဝိပဿနာ လက်စွဲ .... ၆၃

၂၁။ ဆရာတော် ဦးဗုဓ်၏ ဩဝါဒ .... .... ၆၄

၂၂။ ပဒီပေါပမသုတ္တန် .... .... ၆၅

၂၃။ အာနာပါန အကျိုးတရားငါးပါး.... .... ၆၅

၂၄။ အန္ဓပုထုဇန် .... .... ၆၅

၂၅။ ကလျာဏပုထုဇန် .... .... ၆၆

၂၆။ စူဠသောတာပန် .... .... ၆၆

၂၇။ တရားတော်နာရန် အင်္ဂါ ၆- ပါး.... .... ၆၉

၂၈။ ရခဲသော ရတနာ ၅-ပါး .... .... ၇၀

၂၉။ တရားနာလျှင်ရသော အကျိုးငါးပါး .... ၇၀

၃၀။ သူတော်ကောင်းတရားနောက် မလိုက်နိုင်တဲ့ အကြောင်း ၇- ပါး .... .... ၇၁

၃၁။ သူတော်ကောင်း တရားကို မေ့လျော့ခြင်း၏ အကြောင်း ၇-ပါး ရှစ်လုံးဘွဲ့ .... .... ၇၂

၃၂။ သာကီပေးချက် .... .... ၇၄


မာတိကာ ပြီး၏။



# နိဗ္ဗာန်သွားလျှင် ခရီးစဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဟောတော်မူတဲ့ အတိုင်း ကျင့်ပါ

(အင်္ဂုတ္တိုရ်ပါဠိတော် ဗြဟ္မစရိယသုတ္တ)

ယေ စ တံ ပဋိပဇ္ဇန္တိ၊ ယထာ ဗုဒ္ဓေန ဒေသိတံ။
ဒုက္ခဿန္တံ ကရိဿန္တိ၊ သတ္ထုသာသနကာရိနော။

ယေ စ၊ အကြင်သူတို့သည်လည်း။ ဗုဒ္ဓေန၊ ဘုရားရှင်သည်။ ဒေသိတံ ယထာ၊ ဟောကြားတော်မူသကဲ့သို့။ တံ၊ ထိုအကျင့်ကို။ ပဋိပဇ္ဇန္တိ၊ ကျင့်ကြကုန်၏။ သတ္ထုသာသနကာရိနော၊ ဘုရားရှင် အဆုံးအမကိုပြုကျင့်လေ့ရှိကုန်သော။ တေ စ၊ ထိုသူတို့သည်လည်း။ ဒုက္ခဿန္တံ၊ ဝဋ်ဆင်းရဲ၏ အဆုံးကို။ ကရိဿန္တိ၊ ပြုကြကုန်လတ္တံ့။

## သီလ- သမာဓိ-ပညာ- သိက္ခာ သုံးပါး

သီလဆိုတာ- လူများ၊ သာမဏေများ၊ ရဟန်းတော်များ၏ သက်ဆိုင်ရာသီလစုတို့ပါဘဲ၊ သမာဓိဆိုတာက- သမထကမ္မဋ္ဌာန်း

၄၀ ထဲက သဘောကျရာ တခုခုကို အားထုတ်ပါ၊ ကြိုက်ရာကို ရွေးဘို့ပြမယ်။

သမထ- ၄၀

ကသိုဏ်း ၁၀-ပါး

၁။ ပထဝီကသိုဏ်း- အဝိုင်းကို မြေလိမ်း၍ ပထဝီ- ပထဝီဟု ရှုခြင်း၊

၂။ အာပေါကသိုဏ်း- ရေကို ကြည့်ပြီး ရေ- ရေဟု ရှုခြင်း၊

၃။ တေဇောကသိုဏ်း- မီးကို ကြည့်ပြီး မီး-မီးဟု ရှုခြင်း၊

၄။ ဝါယောကသိုဏ်း- လေတိုက်တာကို ကြည့်ပြီး လေ-လေ ဟု ရှုခြင်း၊

၅။ နီလကသိုဏ်း- ညိုတာကို ကြည့်ပြီး ညိုတယ်- ညိုတယ်ဟု ရှုခြင်း၊

၆။ ပီတကသိုဏ်း-အရွှေရောင်ကို ကြည့်ပြီး ရွှေတယ်-ရွှေတယ် ဟု ရှုခြင်း၊

၇။ လောဟိတကသိုဏ်း- နီတာကိုကြည့်ပြီး နီတယ်-နီတယ်ဟု ရှုခြင်း၊

၈။ ဩဒါတကသိုဏ်း- ဖြူတာကို ကြည့်ပြီး ဖြူတယ်-ဖြူတယ် ဟု ရှုခြင်း၊

၉။ အာကာသကသိုဏ်း- အကြား အပေါက်ကို ကြည့်ပြီး ရှုခြင်း၊

၁၀။ အာလောကကသိုဏ်း- အလင်းကို ကြည့်ပြီး ရှုခြင်း။

## အသုဘ ၁၀-ပါး

၁။ ဥဒ္ဓုမာတကံ-ဖူးဖူးဖောင်သော အကောင်ပုပ်ကို ရှုခြင်း၊

၂။ ဝိနီလကံ- ညိုမဲသော အကောင်ပုပ်ကို ရှုခြင်း၊

၃။ ဝိပုဗ္ဗကံ- ပြည်ယိုသော အကောင်ပုပ်ကို ရှုခြင်း၊

၄။ ဝိစ္ဆိဒ္ဒကံ- နှစ်ပိုင်းပြတ်သော အကောင်ပုပ်ကို ရှုခြင်း၊

၅။ ဝိက္ခာယိတကံ-ကျီး,ခွေးစသည်တို့ဆိတ်ဆွဲသောအကောင် ပုပ်ကို ရှုခြင်း၊

၆။ ဝိက္ခိတ္တကံ၊ ခွေး, မြေခွေးစား၍ အပိုင်းပိုင်း ပြတ်သော အကောင်ပုပ်ကို ရှုခြင်း၊

၇။ ဟတဝိက္ခိတ္တကံ- ကျီးခြေသဏ္ဍာန် ဓားဖြင့် သတ်၍ထားသော အကောင်ပုပ်ကို ရှုခြင်း၊

၈။ လောဟိတကံ- ယိုသော သွေးရှိသော အကောင်ပုပ်ကို ရှုခြင်း၊

၉။ ပုဠုဝကံ- ပိုးလောက်တို့ဖြင့် ပြည့်နေသော အကောင်ပုပ်ကို ရှုခြင်း၊

၁၀။ အဋ္ဌိကံ- အရိုးစုသာဖြစ်၍ စက်ဆုပ်ဘွယ်သော အကောင်ပုပ်ကို ရှုခြင်း။

## အနုဿတိ ၁၀-ပါး

၁။ ဗုဒ္ဓါနုဿတိ ဘုရားရှင်၏ ဂုဏ်တော် ကိုးပါးကို အဖန်ဖန် အောက်မေ့ခြင်း၊

၂။ ဓမ္မာနုဿတိ    တရားတော်၏ ဂုဏ်တော်ခြောက်ပါး ကို အဖန်ဖန် အောက်မေ့ခြင်း၊

၃။ သံဃာနုဿတိ    သံဃာတော်၏ ဂုဏ်တော် ကိုးပါးကို အဖန်ဖန် အောက်မေ့ခြင်း၊

၄။ သီလာနုဿတိ    မိမိ၏ သီလဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊

၅။ စာဂါနုဿတိ    မိမိ၏ စွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊

၆။ ဒေဝတာနုဿတိ    သဒ္ဓါ စသော ဂုဏ်နှင့် ပြည့်စုံ၍ နတ်ဖြစ်ကြသည်၊ ထို သဒ္ဓါစသော ဂုဏ်သည် ငါ၌လည်းရှိ၏ဟု နတ်တို့ကို သက်သေပြု၍ မိမိ၏ သဒ္ဓါ စသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊

၇။ ဥပသမာနုဿတိ    နိဗ္ဗာန်၏ ဝိရာဂ စသောဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊

၈။ မရဏာနုဿတိ    သေခြင်းတရားကို အဖန်ဖန် အောက်မေ့ခြင်း၊

၉။ ကာယဂတာသတိ    ဆံပင်စသော ကိုယ်အစု၌ ဖြစ်သော သတိ၊

၁၀။ အာနာပါနသတိ    ထွက်လေ, ဝင်လေကို အာရုံပြု၍ အောက်မေ့ခြင်း၊

အပ္ပမညာ ၄-ပါး

၁။ မေတ္တာ — သတ္တဝါကို အညီအမျှ ချစ်ခြင်း၊
၂။ ကရုဏာ — ဆင်းရဲသူကို အာရုံပြု၍ သနားခြင်း၊
၃။ မုဒိတာ — ချမ်းသာသူကို အာရုံပြု၍ဝမ်းမြောက်ခြင်း၊
၄။ ဥပေက္ခာ — ချမ်းသာဆင်းရဲသူ နှစ်ဦးကိုလျစ်လျူရှုခြင်း။

ကေသညာ ၁-ပါး

၁။ ကေသညာ — အာဟာရ (စားသောက်ဘွယ်) ကို စက်ဆုပ်ရွံရှာဘွယ်ဟု အမှတ်ရှိခြင်း၊

စတုဓာတု ဝဝတ္ထာန် ၁-ပါး

၁။ စတုဓာတု ဝဝတ္ထာန် — ဓာတ်လေးပါးကို ပိုင် ခြားခြင်း၊

(နွားသားကို လေးပုံ ပုံလျှင် နွားသညာ ပျောက်သလို၊ ဓာတ်လေးပါးကို ပိုင်းခြားလျှင် သတ္တဝါသညာ ပျောက်၍ ဓာတုသညာ ထင်မည်။)

အာရုပ္ပ ၄-ပါး

၁။ အာကာသာနဉ္စာယတနစျာန်၊
၂။ ဝိညာဏဉ္စာယတနစျာန်၊
၃။ အာကိဉ္စညာယတနစျာန်၊
၄။ နေဝသညာ နာသညာယတနစျာန်၊

ပေါင်း ၄၀

ဤကား သမထ (၄၀) ကြိုက်ရာကို အားထုတ်ပါ။
သမထ (၄၀) ကို အသီထုတ်လျှင် တည်ငြိမ်မှု တခု။

## ဝိပဿနာ ၄၀

(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

| | | |
|---|---|---|
| ၁။ | အနိစ္စတော | မမြဲသောအားဖြင့်၊ |
| ၂။ | ပလောကတော | ပရမ်းပတာ ပျက်သောအားဖြင့်၊ |
| ၃။ | စလတော | တုန်လှုပ်သောအားဖြင့်၊ |
| ၄။ | ပဘင်္ဂုတော | အလိုလို ပျက်သောအားဖြင့်၊ |
| ၅။ | အဓုဝတော | မခိုင်ခံ့သောအားဖြင့်၊ |
| ၆။ | ဝိပရိဏာမတော | ဇရာ, မရဏဖြင့် ဖေါက်ပြန်သော အားဖြင့်၊ |
| ၇။ | အသာရကတော | အနှစ်မရှိသောအားဖြင့်၊ |
| ၈။ | ဝိဘဝတော | အစီးအပွား မရှိသောအားဖြင့်၊ |
| ၉။ | သင်္ခတတော | အကြောင်းတရားတို့ ပြုပြင်အပ်သော အားဖြင့်၊ |
| ၁၀။ | မရဏဓမ္မတော | သေခြင်း သဘောရှိသောအားဖြင့်၊ |

(ဤ ၁၀-ခုသည် အနိစ္စာနုပဿနာမည်၏။)

| | | |
|---|---|---|
| ၁။ | ဒုက္ခတော | ဆင်းရဲသောအားဖြင့်၊ |
| ၂။ | ရောဂတော | မတ်တတ်နာနှင့် တူသောအားဖြင့်၊ |
| ၃။ | ဂဏ္ဍတော | အိုင်းအမာနှင့် တူသောအားဖြင့်၊ |
| ၄။ | သလ္လတော | မြှားငြောင့်နှင့်တူသောအားဖြင့်၊ |
| ၅။ | အဃတော | မကောင်းမှု ဖြစ်သောအားဖြင့်၊ |
| ၆။ | အာဗာဓတော | တိုးလိုးနာနှင့် တူသောအားဖြင့်၊ |
| ၇။ | ဤတိတော | ဘေးရန်နှင့် တူသောအားဖြင့်၊ |

၈။ ဥပဒ္ဒဝတော ဘေးရန်တည်ရာ ဖြစ်သောအားဖြင့်၊
၉။ ဘယတော ကြောက်ဘွယ်သောအားဖြင့်၊
၁၀။ ဥပသဂ္ဂတော အပြစ်ဒေါသ ကပ်ငြိသောအားဖြင့်၊
၁၁။ အတာဏတော မစောင့်ရှောက်တတ်သော အားဖြင့်၊
၁၂။ အလေဏတော ခိုနှုန်းအောင်းရာမဟုတ်သောအားဖြင့်၊
၁၃။ အသရဏတော ဇာတိစသောဘေးကို မညှဉ်းဆဲတတ်သောအားဖြင့်၊
၁၄။ အာဒီနဝတော အပြစ်အတိ ဖြစ်သောအားဖြင့်၊
၁၅။ အဃမူလတော မကောင်းမှု၏ အကြောင်းရင်း ဖြစ်သော အားဖြင့်၊
၁၆။ ဝဓကတော သူသတ် အားဖြင့်၊
၁၇။ သာသဝတော အာသဝေါ ဖြစ်ကြောင်း အားဖြင့်၊
၁၈။ မာရာမိသတော မာရ်ငါးပါး၏ အကြောင်းဖြစ်သော အားဖြင့်၊
၁၉။ ဇာတိဓမ္မတော ပဋိသန္ဓေ သဘောအားဖြင့်၊
၂၀။ ဇရာဓမ္မတော အိုခြင်း သဘောအားဖြင့်၊
၂၁။ ဗျာဓိဓမ္မတော နာခြင်း သဘောအားဖြင့်၊
၂၂။ သောကဓမ္မတော စိုးရိမ်ခြင်း သဘောအားဖြင့်၊
၂၃။ ပရိဒေဝဓမ္မတော ငိုကြွေးခြင်း သဘောအားဖြင့်၊
၂၄။ ဥပါယာသတော ပြင်းစွာ ပင်ပန်းခြင်း သဘော အားဖြင့်၊
၂၅။ သံကိလေသဓမ္မတော ညစ်ညူးခြင်း သဘောအားဖြင့်၊

(ဤ ၂၅-ခုသည် ဒုက္ခာနုပဿနာ မည်၏။)

၁။ ပရတော — သူစိမ်းပြင်ပ အားဖြင့်၊

၂။ ရိတ္တတော — မုဝ, သုဘ, သုခ, အတ္တမှ ဆိတ်သော အားဖြင့်၊

၃။ တုစ္ဆတော — အချည်းနှီး အားဖြင့်၊

၄။ သုညတော — တပါးသော ကိုယ်မှ ဆိတ်သော အားဖြင့်၊

၅။ အနတ္တတော — အလိုသို့ မလိုက်သော အားဖြင့်၊

(ဤ ၅-ခုသည် အနတ္တာနုပဿနာ မည်၏။)

ဝိပဿနာ (၄၀) ကို အသိုက်လျှင် အနိစ္စ, ဒုက္ခ, အနတ္တ တည်၏။

## ခန္ဓာ ၅-ပါးကို ရှုရမည်

## အလုပ်ခွင်တည်ပုံ

### ပဋိညာဉ်

"ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....ဝိပဿနာကမ္မဋ္ဌာန်း ပေးသနားတော်မူပါ အရှင်ဘုရား၊ အတိတ်သံသရာမှစ၍ ယနေ့တိုင်အောင် ပြစ်မှားမိသော အရိယာပုဂ္ဂိုလ်များရှိလျှင် ကြေနပ်ကြပါရန် အကျွန်ုပ်တို့က တောင်းပန်ပါကုန်၏၊ အကျွန်ုပ်တို့အပေါ်၌ ရှိသော အပြစ်များကိုလည်း အကျွန်ုပ်တို့က သည်းခံပါကုန်၏၊ အားလုံးသော သတ္တဝါ အပေါင်းတို့သည် ချမ်းသာကြပါစေ၊ ယခု အားထုတ်သော ဝိပဿနာ ကုသိုလ်သည် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို

လျင်မြန်စွာ မျက်မှောက် ပြုနိုင်သည် ဖြစ်ပါစေသတည်း”ဟု ဆို၍ အားထုတ်ပါ။

အားထုတ်ပုံ

**သမထခန်း**

(သုတ်မဟာဝ ပါဠိတော် မဟာသတိပဋ္ဌာနသုတ်အာနာပါနပိုင်း)

ပလ္လင်္ကံ အာဘုဇိတွာ- ယောကျ်ားယောဂီ တင်ပလ္လင်ခွေ ထိုင်ပါ၊ ဒါယိကာမယောဂီ ကြို့ကြို့ထိုင်ပါ၊ လက်ကို ဘယ်နှင့်ညာ ထပ်၊ ပေါင်ပေါ်မှာ တင်ပါ။

ဥဇုံ ကာယံ ပဏိဓာယ-ကိုယ်ကို ဖြောင့်ဖြောင့် ထားပါ။

ပရိမုခံ-သတိံ ဥပဋ္ဌပေတွာ-သတိကို ကမ္မဋ္ဌာန်းအာရုံရှိရာနှာသီးဖျားသို့ ရှေးရှုညွတ်ကိုင်းထားပါ။

ထိုသို့ကိုယ်ကို ဖြောင့်ဖြောင့်ထား၊ စိတ်ကို နှာသီးဖျား အာရုံပြု၊ မျက်စိကိုမှိတ်ပြီး ဘယ်လိုအားထုတ်ရမလဲဆိုတော့-

သော သတောဝ အဿသတိ၊ ထွက်လေကို ထွက်တယ်ဟု ရှုပါ။

သတောဝ ပဿသတိ၊ ဝင်လေကို ဝင်တယ်ဟု ရှုပါ။

ထွက်လေ ဝင်လေ ရှည်လျှင် ရှည်တဲ့အတိုင်း တိုလျှင် တိုတဲ့အတိုင်းဘဲ ရှုပါ။

ထွက်လေ ဝင်လေ၏ အစ, အလယ်, အဆုံးသုံးပါးလုံး သတိထင်ရှားအောင် ရှုပါ။

လိုရင်းက သတောဝမှာ ပါတဲ့ ဝေသဒ္ဒါက ထွက်လေ ဝင်လေ ဖြစ်တိုင်း တကြိမ်မှ မလွတ်ရအောင် ရှုပါဟု ဘုရားရှင် မိန့်တော်မူသည်။

မှတ်ချက်။

သမထ ကမ္မဋ္ဌာန်း (၄၀) ထဲက သဘောကျရာကမ္မဋ္ဌာန်း တခုခုကို အားထုတ်ရမည်ဖြစ်တဲ့အတွက် ယခုပြခဲ့သော အစီအရင်ဟာ အာနာပါန သမထအားထုတ်ပုံဘဲ။

ယောဂီဟာ စိတ်မငြိမ်ဘဲ ပြီးခဲ့တဲ့ အလုပ်အကိုင်တွေဆီကို သွားချင်သွားမယ်၊ မရောက်သေးတဲ့ အာရုံတွေဆီကို သွားချင်လဲ သွားမယ်၊ ဒီလိုစိတ်မငြိမ်တဲ့အခါ ယောဂီဟာ စိတ်ပျက်တတ်ပါတယ်၊ သတိထားပါ၊ ဘာမှ စိတ်မပျက်ပါနဲ့၊ မှန်မှန်သာရှုပါ၊ ယောဂီဟာ စိတ်မငြိမ်တာကြောင့် စိတ်နဲ့ ရန်ဖြစ်နေတတ်တယ်၊ ဘာမှ စိတ်နဲ့ ရန်ဖြစ်မနေပါနဲ့၊ စိတ်တွေပျံ့လွင့်ပြေးသွားနေတာက စိတ်ရဲ့သဘောဘဲ (ဒူရင်္ဂမံ) လို့ ဘုရားရှင်ဟောတော်မူပါတယ်၊ ဒါ့ကြောင့် စိတ်ငြိမ်တာ မငြိမ်တာက ယောဂီနဲ့ မဆိုင်ပါဘူး၊ နှာသီးဖျားမှာ စိုက်ပြီး ပစ္စုပ္ပန်ကျကျ မှန်မှန် ဝီရိယကောင်းကောင်းနဲ့ အားထုတ်နေဘို့သာ ယောဂီရဲ့တာဝန်ပါ၊ ဘယ်တော့ စိတ်ငြိမ်မှာလဲလို့ မြှော်လင့်မနေနဲ့၊ မငြိမ်ရင် ခက်ထာဘဲလို့လဲ မကြောင့်ကြပါနဲ့၊ စိတ်မပျက်ဘဲ မတွန့်ဆုတ်ဘဲ မှန်မှန်သာ အားထုတ်ပါ၊ အားထုတ်နေတုန်းမှာ အရောင်အလင်းစတဲ့ အာရုံနောက်သို့ လုံးဝမလိုက်ဘဲ ကြိုးစား၍သာ ရှုသွားပါလေ။

## ဝိပဿနာခဏ်း

### ပညာဆိုတာ

ဒီလို နှာသီးဖျားမှာ ရှုဖန်များလာရင် ထွက်လေဝင်လေ အာရုံနဲ့ စိတ်နဲ့ ကပ်ပြီး ငြိမ်းလာလိမ့်မယ်၊ တည်ကြည်ငြိမ်သက်လာရင်—

"သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ" ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် သမာဓိသုတ်တော်အရ၊ ခန္ဓာငါးပါးတို့ရဲ့ ဖြစ်မှု ပျက်မှုဆိုတဲ့ မမြဲမှုတွေကို သိရပါမယ်တဲ့၊ (ဥပမာ ယထာပဿေမရီစိကံ- တံလျှပ်တွေဟာ လျှင်မြန်စွာ တဖြတ်ဖြတ် တရိတ်ရိတ်နဲ့ ပျက်စီးနေကြသလို ရုပ်ကို ကြည့်မယ်ဆိုရင် ခက်မာ, ဖွဲ့စေး, ပူ အေး, ထောက်ကန်ဆိုတဲ့ ဓာတ်ကြီးလေးပါး ပရမတ်တရားတို့ရဲ့ တံလျှပ်တွေ ပျက်စီးနေသလို ပျက်စီးပြီး အနိစ္စရောက်နေတာတွေကို မြင်မယ်တဲ့။

ဒီလို မမြဲမှုတွေ ဉာဏ်မှာ ထင်လာတဲ့အခါ၊ ဉာဏ်ရင့်လာရင် 'နိမိတ္တံ ဝါ န သမ္ပာပုဏာတိ' ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပုံဟန် သဏ္ဌာန် နိမိတ်ပညတ်တို့ မထင်တော့ဘဲပရမတ်တရားတို့ရဲ့ ပျက်နေတဲ့ အနိစ္စတွေကိုသာ ဉာဏ်မှာ ထင်နေရမယ်တဲ့၊ပုဂ္ဂိုလ် သတ္တဝါ မထင်ရဘူးတဲ့၊ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာဟာ သမ္မုတိသစ္စာ နယ်မှာတော့ ရှိတယ်၊ သုံးနှုန်းဘို့ ပေးတော်မူထားတာ၊ စွဲလမ်းရန်မဟုတ်၊ ယခု ဝိပဿနာရှုတဲ့ နေရာမှာက ပရမတ္ထသစ္စာနယ်က အလုပ်လုပ်ရမှာ၊ ဒီလိုလဲ နယ်ခွဲပြီး မှတ်ထားပါ၊ ဒီလို မမြဲမှုတွေ ခန္ဓာမှာ ထင်လာတဲ့အခါ—

## ဝိပဿနာ ဒီလိုရှုပါတဲ့

(ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် နန္ဒိက္ခယသုတ်)

အနိစ္စညေဝ၊ မမြဲသည် သာလျှင် ဖြစ်သော။ ရူပံ၊ ရုပ်ကို။ အနိစ္စန္တိ၊ မမြဲဟူ၍။ ပဿတိ၊ ရှုရမယ်တဲ့။ မမြဲတဲ့ရုပ်မို့လို့ မမြဲဘူးလို့ မှန်မှန်ကန်ကန် ရှုပါတဲ့၊ ဒီလိုရှုရင် ဘာဖြစ်မလဲ ဆိုတော့ အဿ၊ ထိုယောဂီ၏။ သာ၊ ထိုအနိစ္စဟု ရှုခြင်းသည်။ သမ္မာဒိဋ္ဌိ၊ မှန်ကန်သော သိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ မမြဲတာကို မမြဲဘူးလို့ မှန်မှန်သိလို့ သမ္မာဒိဋ္ဌိတဲ့၊ ရုပ်တရားရဲ့ မမြဲတာကို မြင်လို့ မမြဲဘူး ရှုမှ သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ဖြစ်ပုံကို ပါဠိတော်မှာ တွေ့ရတော့ ရုပ်တရားရဲ့ မမြဲတာကို မမြင်လို့ မမြဲဘူးလို့မှ မရှုလျှင် သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ် မဖြစ်သေးဘူး ဆိုတာကိုတော့ သင့်တသက်မှာ ကြီးစွာသော သတိတရားဖြင့် မှတ်သားခဲ့ပါ၊ ပါဠိတော် အဋ္ဌကထာထက် အားကိုးစရာ လောကမှာ မရှိတော့ဘူး၊ ဆက်ရှုရင် ဘာဖြစ်စရာ ရှိသေးသလဲဆိုတော့ သမ္မာ၊ ဟုတ်မှန်သော အားဖြင့်။ ပဿံ၊ ရှုသည်ရှိသော်။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ရုပ်ရဲ့မမြဲတာတွေကို မြင်လို့ မမြဲဘူးလို့ ရှုလာရင် ငြီးငွေ့လာမယ်တဲ့ ဆက်ရှုရင် နန္ဒိရာဂမည်တဲ့ တဏှာကုန်မယ်တဲ့။

(နန္ဒိရာဂက္ခယဖြင့်- မဂ်ဉာဏ်ကို ဟောတော်မူသည်၊ နန္ဒိရာဂက္ခယာ စိတ္တံ ဝိမုတ္တံဖြင့်- ဖိုလ်ဉာဏ်ကို ဟောတော်မူသည်။)

ဆိုလိုရင်းက ရုပ်ရဲ့အနိစ္စကိုသာ မိမိရရ ပိုင်ပိုင်နိုင်နိုင် ထိထိခိုက်ခိုက် ရှုသွားရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမယ်ဟု ဆိုလိုရင်းဖြစ်သည်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကလဲ-တံ အမုဉ္စမာနော ဝါ၊ထိုလက္ခဏာရေး သုံးပါး အာရုံကို ယောဂီဟာ ဘယ်တော့မှ မလွှတ်ရပါဟု

ဖွင့်ထားပါသည်၊ ဤကား ရုပ်ကိုရှု၍ မဂ်ဖိုလ် ရောက်ပုံကို ဟော တော်မူသည်။

## ဝေဒနာကို ရှုပုံ

ခံစားမှုဖြစ်တဲ့ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာ ဝေဒနာ ဆိုတဲ့ ဝေဒနာသုံးပါးဟာလဲ မမြဲတဲ့သဘောတွေမို့လို့ မမြဲဘူးလို့ ရှုပါတဲ့၊ ဒီလို မမြဲဟု ရှုခြင်းဟာ မှန်တဲ့အတိုင်း မြင်လို့ သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ် ဖြစ်တယ်တဲ့၊ ဆက်ရှုသွားရင် ငြိးငွေ့လာမယ်၊ ဆက်ပြီး ရှုသွားရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပေါ်၍ သံသရာမှ လွတ်မည်ဟု ဘုရားရှင် ဟောတော်မူသည်။

## သညာကို ရှုပုံ

အနီ, အဖြူ စသည်ကို မှတ်သားတာတွေဟာ သညာဘဲ၊ ဒီသညာဟာလဲ မမြဲတာ ဖြစ်တဲ့အတွက် မမြဲဘူးလို့ဘဲရှုပါတဲ့၊ဒီလို ရှုရင် မမြဲတာကို အမှန်အတိုင်း မြင်သောကြောင့် သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ် ဖြစ်သည်၊ ကောင်းစွာ ဆက်ရှုသွားရင် ငြိးငွေ့လာ မယ်၊ ဆက်ပြီးရှုသွားရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပေါ်၍ သံသရာမှ လွတ်မည်ဟု ဘုရားရှင် ဟောတော်မူသည်။

## သင်္ခါရတွေကို ရှုပုံ

ဝေဒနာ, သညာမှ ကြွင်းတဲ့ (၅၀) သော စေတသိက်တွေမှာ စေတနာ စေတသိက် ခေါင်းဆောင်နေတဲ့အတွက် ပြောချင်အောင် တခွန်းပြောပြီး နောက်တခွန်း ပြောချင်အောင် တိုက်တွန်းမှု၊ ခြေတလှမ်းပြီးရင် နောက်တလှမ်း လှမ်းချင်အောင် တိုက်တွန်းမှု စသည်တို့ဟာ သင်္ခါရတွေဘဲ၊သင်္ခါရက္ခန္ဓာဘဲ၊ ဒီသင်္ခါရတွေဟာလဲ

သုမင်္ဂလ(က) ၁၀၉–၂

မမြဲကြတဲ့ သဘောတွေမို့လို့ မမြဲဘူးလို့ဘဲ ရှုပါတဲ့၊ ဒီလိုမမြဲဘူးလို့ ရှုခြင်းဟာ အမှန်အတိုင်း မြင်တာဖြစ်တဲ့အတွက် သမ္မာဒိဋ္ဌိဝိပဿနာ ဉာဏ်လို့ ဟောတော်မူတယ်၊ဆက်ရှုသွားရင် ငြီးငွေ့လာမည်၊ဆက်ရှု သွားရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်ပေါ်၍ သံသရာမှ လွတ်မည်ဟု ဘုရားရှင် ဟောတော်မူသည်။

## ဝိညာဏ်ကို ရှုပုံ

မြင်စိတ်ကို စက္ခုဝိညာဏ်၊ ကြားစိတ်ကို သောတဝိညာဏ်၊ နံစိတ်ကို ဃာနဝိညာဏ်၊ စားစိတ်ကို ဇိဝှါဝိညာဏ်၊ ကိုယ်မှာ ထိလို့ သိတဲ့စိတ်ကို ကာယဝိညာဏ်၊ တွေးလို့သိတဲ့ စိတ်ကို မနော ဝိညာဏ်လို့ ခေါ်တယ်၊ ဒီဝိညာဏ် စိတ်တွေဟာလဲ 'အနိစ္စဥ္စ ဘိက္ခဝေ ဘိက္ခု ဝိညာဏံ' မမြဲကြပါဘူးတဲ့၊ ဒီလိုမမြဲတဲ့ ဝိညာဏ်ကို ဘယ်လိုရှုရမလဲဆိုတော့ 'အနိစ္စန္တိ ပဿတိ' မမြဲဘူးလို့ ရှုပါတဲ့၊ ဒီလိုရှုတော့ ဘာဖြစ်မှာလဲ ဆိုရင် 'သာဿ ဟောတိ သမ္မာဒိဋ္ဌိ' သမ္မာဒိဋ္ဌိ ဝိပဿနာဖြစ်မယ်တဲ့၊ ဆက်ရှုရင် ဘာဖြစ်မလဲ၊ 'သမ္မာ ပဿံ နိဗ္ဗိန္ဒတိ' ကောင်းစွာရှုလာရင် ငြီးငွေ့မယ်၊ ဆက်ရှုသွားရင် 'နန္ဒိရာဂက္ခယာ စိတ္တံ ဝိမုတ္တံ သုဝိမုတ္တန္တိ ဝုစ္စတိ' မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်ပေါ်၍ သံသရာကလွတ်မည်ဟု ဟောတော်မူသည်။

ဤကား ခန္ဓာတပါးပါးကို အနိစ္စာနုပဿနာနှင့် ရှုသွားရင် သံသရာမှ ထွက်ပုံနှင့် ခန္ဓာငါးပါးလုံး ရှုတတ်အောင် ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် နန္ဒိက္ခယသုတ်တော်မှ တိုက်ရိုက်ဟောတော် မူသော ဝိပဿနာလုပ်ငန်းတို့ပေတည်း။

## လမ်းခွဲ (၁၀)ခု သတိပြု

### (၁) ဩဘာသ၏ သဘော

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ယောဂီဟာ ခန္ဓာရဲ့ အနိစ္စကို ရှုလာတဲ့အခါ ဩဘာသ စတဲ့ ဝိပဿနုပက္ကိလေသ (၁၀)ပါး ပေါ်တတ်ပုံ၊ ၎င်းတို့ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် တင်တတ်ပုံကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ—အနိစ္စတော၊ အနိစ္စဟူ၍။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီသည်။ ဩဘာသော၊ ဝိပဿနာ၏ အာနုဘော်ကြောင့် ဖြစ်သော အရောင်အလင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဩဘာသော၊ အရောင် အလင်းသည်။ ဓမ္မော၊ ငါ့လိုချင်တောင့်တသော မဂ်ဖိုလ်နိဗ္ဗာန် တရားတည်း။ ဣတိ၊ ဤသို့။ ဩဘာသံ၊ အရောင်အလင်းကို။ အာဝဇ္ဇတိ၊ နှလုံးသွင်း၏။ တတော၊ ထိုအရောင်အလင်းကြောင့်။ ယော ဝိက္ခေပေါ၊ အကြင်ပျံ့လွင့်ခြင်းသည် ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုပျံ့လွင့်ခြင်းသည်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စမည်၏။ တေန ဥဒ္ဓစ္စေန၊ ထိုဥဒ္ဓစ္စသည်။ ဝိဂ္ဂဟိတမာနသော၊ ဝိပဿနာခရီးမှ ဖဲသဖြင့် ဖေါက်ပြန်စွာ ယူအပ် ဖြစ်စေအပ်သောစိတ်ရှိသော ယောဂီသည်။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဥပဋ္ဌာနံ၊ ထင်သော အာရုံကို။ ယထာဘူတံ၊ ဟုတ်မှန်စွာ။ န ပဇာနာတိ၊ မသိ။

ယောဂီဟာ ခန္ဓာရဲ့ အနိစ္စကို စိုက်ပြီး၊ အနိစ္စ, အနိစ္စလို့ ရှုလာရင် အလင်းရောင် ပေါ်လာတယ်တဲ့၊ ပေါ်လာတဲ့ အလင်းရောင်ကို ယောဂီက မဂ်ဖိုလ်နိဗ္ဗာန် ထင်တတ်တယ်၊ ဒီလို အလင်းရောင်ကို မဂ်ဖိုလ်နိဗ္ဗာန်လို့ နှလုံးသွင်းတဲ့အတွက် ပျံ့လွင့်ခြင်း ဖြစ်လာပါ တယ်တဲ့၊ ဒီပျံ့လွင့်ခြင်းဟာ ဝိပဿနာခရီးကို လွဲပြီး ယူနေတာ ဖြစ်လို့ နဂိုကထင်နေတဲ့ အနိစ္စလက္ခဏာကို သူ မသိတော့ဘူးတဲ့။

တသ္မိံ၊ ထိုအလင်းရောင်သည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ယောဂါဝစရော၊ ယောဂီသည်။ မေ၊ ငါ့အား။ ဣတော၊ ဤအခါမှ။ ပုဗ္ဗေ၊ ရှေး၌။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ဩဘာသော၊ အလင်း ရောင်သည်။ န ဥပ္ပန္န ပုဗ္ဗောဝတ၊ မဖြစ်ဘူးလေစွ တကား။ အဒ္ဓါ၊ မချွတ်ဧကန်။ မဂ္ဂပတ္တော၊ မဂ်သို့ ရောက်သည်။ အသ္မိ၊ ငါဖြစ်လတ်ပြီ။ ဖလပတ္တော၊ ဖိုလ်သို့ ရောက်သည်။ အသ္မိ၊ ငါဖြစ်လတ်ပြီ။ ဣတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်သော ဩဘာသကိုပင်လျှင်။ မဂ္ဂေါတိ၊ မဂ်ဟူ၍။ အဖလမေဝ၊ ဖိုလ် မဟုတ်သော ဩဘာသကိုပင်လျှင်။ ဖလန္တိ၊ ဖိုလ်ဟူ၍။ ဂဏှာတိ၊ ယူ၏။ အမဂ္ဂံ၊ မဂ်မဟုတ်သည်ကို။ မဂ္ဂေါတိ၊ မဂ်ဟူ၍။ အဖလံ၊ ဖိုလ်မဟုတ်သည်ကို။ ဖလန္တိ၊ ဖိုလ်ဟူ၍။ ဂဏှတော၊ ယူသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာဝီထိ၊ ဝိပဿနာအစဉ်သည်။ (ဝိပဿနာခရီးသည်) ဥက္ကန္တာနာမ၊ ဖယ်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောဂီသည်။ မူလကမ္မဋ္ဌာနံ၊ ဝိပဿနာ ဟူသော မူလကမ္မဋ္ဌာန်းကို။ ဝိဿဇ္ဇေတွာ၊ လွှတ်၍။ ဩဘာသမေဝ၊ အရောင်အလင်းကိုသာလျှင်။ အဿာဒေန္တော၊ သာယာ လျက်။ နိသီဒတိ၊ နေ၏။

ဒီလို အလင်းရောင် ဖြစ်လာတဲ့အခါ ယောဂီက ငါဟာ ရှေးတုန်းက ဒီလို အလင်းရောင် တခါမှ မဖြစ်ဘူးပါကလား၊ ဧကန္တ ငါဟာဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်ပြီလို့ မဂ်ဖိုလ် မဟုတ်တဲ့ အရောင်အလင်းကို မဂ်ဖိုလ်လို့ ယူထားတဲ့ ယောဂီဟာ ဝိပဿနာခရီးကို လွှဲပြီးသွားနေတဲ့ (ဝိပဿနာဝီထိ ဥက္ကန္တလို့ မှတ်ပါ) ဒီယောဂီဟာ မူလရှိနေတဲ့ အနိစ္စာနုပဿနာကမ္မဋ္ဌာန်းကို လွှတ်ပြီး အလင်းရောင်ကို သာယာပြီး နေတတ်တယ်။

၂။ ပီတိ၏ သဘော

ပီတိ (၅)မျိုး

၁။ ခုဒ္ဒကာပီတိ၊
၂။ ခဏိကာပီတိ၊
၃။ ဩက္ကန္တိကာ ပီတိ၊
၄။ ဥဗ္ဗေဂါ ပီတိ၊
၅။ ဖရဏာ ပီတိ၊

ပီတိ (၅) မျိုး အဓိပ္ပါယ်

၁။ ဝိပဿနာရှုစဉ် ကြက်သီးထသကဲ့သို့ တခါတရံဖြစ်တတ်သော ပီတိ၊
၂။ ဝိပဿနာရှုနေစဉ် ဝင်းကနဲ့လက်ကနဲတခါတရံဖြစ်တတ်သော ပီတိ၊
၃။ ဝိပဿနာရှုနေစဉ် လှိုင်းတံပိုးကြီးများထနေသလို တခါတရံ ဖြစ်တတ်သော ပီတိ၊
၄။ လဲ့ဝါဂွမ်းကဲ့သို့ ကောင်းကင်သို့ တက်တတ်သော ပီတိ၊
၅။ ကိုယ်အလုံးသည် လေဖြင့်မှုတ်၍ ပြည့်နေသော စည်ပေါင်းအိမ်ကဲ့သို့ နှစ်သက်မှုတွေ ပြည့်နေခြင်း။

ဒီ ပီတိ (၅) မျိုးဖြစ်နေသော ယောဂီဟာ ဘယ်လိုဖြစ်တတ်သလဲဆိုရင် ဓမ္မပဒ အဋ္ဌကထာ မဟာကပ္ပိနထေရဝတ္ထုမှာ–

"အသက္ကောန္တော မုဟုတ္တံ ပီတိနာမေတ္တာ။"

ငါးပါးအပြားရှိသော ပီတိနှင့် တွေ့ထိသော ကိုယ်ရှိသော ယောဂီဟာ ဘာတခုကိုမှ မမှတ်သားတော့ဘဲ တခဏလောက် လစ်ခနဲ့ မေ့ကနဲ ဖြစ်တတ်သည်ဟု ဆိုပါသည်။

ယောဂီဟာ ဒီလိုလစ်ခနဲဖြစ်ပြီး ပြန်သတိဖြစ်လာတဲ့အခါမှာ ခန္ဓာကိုယ်နဲ့အပြည့် ချမ်းသာပြီး နေတတ်တယ်တဲ့၊ ဒီလို ပီတိဖြစ်တာကိုလဲ မဂ်ဖိုလ်ပြီးပြီလို့ ထင်တတ်ပုံကို ဩဘာသမှာ ပြခဲ့တဲ့အတိုင်း သိကြပါလေ။

၃။ ပဿဒ္ဓိ၏ သဘော

ကိုယ်စိတ်တို့၏ ငြိမ်းချမ်းခြင်း, ပေါ့ပါးခြင်း, နူးညံ့ခြင်း, ခန့်ခြင်း, စင်ကြယ်ခြင်း, ဖြောင့်ခြင်းဟူသော ခြောက်ပါးသော ဂုဏ်နှင့် ပြည့်စုံသော ယောဂီသည် စကြာမင်းတို့ စည်းစိမ်ထက် ဆပေါင်းများစွာ သာလွန်သော ဝိပဿနာချမ်းသာကို ခံစားရတဲ့အခါ ငါသည် မဂ်ဖိုလ်ရောက်ပြီဟု ထင်မှတ်တတ်သည်။

၄။ အဓိမောက္ခ၏ သဘော

ဝိပဿနာရှုနေစဉ် ကိလေသာ ချောက်ချားခြင်း ကင်းသဖြင့် အလွန်ကြည်လင်သန့်ရှင်းတဲ့ အလွန်အားရှိတဲ့ သဒ္ဓါတရားဖြစ်၏၊ ဒီသဒ္ဓါတရားကို မဂ်ဖိုလ်ထင်တတ်သည်။

၅။ ပဂ္ဂဟ၏ သဘော

ဝိပဿနာရှုနေစဉ် ဝိပဿနာနှင့် ယှဉ်သော မလျော့သော အားမထုတ်လွန်းသော ကောင်းစွာချီးပင့်သော ဝီရိယသည် ဖြစ်၏၊ ဒီ ဝီရိယကို မဂ်ဖိုလ်ဟု ထင်မှတ်တတ်သည်။

၆။ သုခ၏ သဘော

ဝိပဿနာနှင့်ယှဉ်သော စေတသိကသုခသည် ကိုယ် အလုံးကို စွတ်စိုစေလျက် အလွန်မြတ်သောချမ်းသာသည်ဖြစ်၏၊ ဒီချမ်းသာကို မဂ်ဖိုလ်ဟု ထင်တတ်သည်။

၇။ ဉာဏ၏ သဘော

မိမိသုံးသပ်အပ်သော ရုပ်, နာမ် သင်္ခါရတို့၏ ဖြစ်ခြင်းကိုရင်း၊ ပျက်ခြင်းကိုရင်း သိကြားမင်း၏ ပစ်လွှတ်အပ်သော ဝရဇိန်ကဲ့သို့ ထက်မြက် စူးရှလျက် မြင်၏ ထင်၏၊ ဒီလို မြင်သည်ကို မဂ်ဖိုလ်ဟု ထင်တတ်သည်။

၈။ ဥပဋ္ဌာန၏ သဘော

ဝိပဿနာရှုစဉ် ကာလ၌ ဝိပဿနာနှင့်ယှဉ်သော ကျောက်စာ တိုင်နှင့်တူသော သတိသည် ဖြစ်၏၊ ရှေးရှုသော နာမ်, ရုပ်တို့ကို နှလုံးသွင်းတိုင်း ရ၏၊ ဆင်ခြင်တိုင်း ထင်၏၊ သက်ဝင်၏၊ ဤသတိကို မဂ်ဖိုလ်ဟု ထင်တတ်သည်။

၉။ ဥပေက္ခာ၏ သဘော

ဝိပဿနာရှုစဉ် ကာလ၌ သင်္ခါရတို့ကို လျစ်လျူရှုခြင်းရှိသည် ဖြစ်၍ သမ္မယုတ် တရားတို့ကို လျစ်လျူရှုလျက် သင်္ခါရတို့၌ အလွန် အားရှိသော ဥပေက္ခာသည် ဖြစ်၏၊ ထိုဥပေက္ခာကိုပင် မဂ်ဖိုလ်ဟု ထင်တတ်သည်။

၁၀။ နိကန္တိ၏ သဘော

ဝိပဿနာရှုစဉ်အခါ၌ ဩဘာသစသည်တို့ဖြင့် တန်ဆာဆင် အပ်သော ဝိပဿနာ၌ အာသာငင်းငင်း တွယ်တာခြင်းကိုပြုလျက် သိမ်မွေ့ငြိမ်သက်သော တဏှာသည်ဖြစ်၏၊ ထိုတဏှာကို သိမ်းဆည်း ခြင်းငှါ မတတ်နိုင် ထိုကပ်ငြိသော တဏှာကို မဂ်ဖိုလ်ဟု ထင်တတ်သည်။

## ဉာဏ်စဉ် (၁၃) ပါး

ဒီလို ဝိပဿနာရှုနေတုန်း ပေါ်လာတဲ့ အလင်းရောင် စတဲ့ ပြခဲ့တဲ့ (၁၀)မျိုးကို ကောင်းစွာ မှတ်သားပြီး ဒီ (၁၀)မျိုးဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မဟုတ်သေးဘူး သူတို့နဲ့ တင်းတိမ်နေရမှာ မဟုတ်သေးဘူးလို့ သိပြီး မူလ ရှုနေအဲ ဖြစ်တဲ့ ရုပ်နာမ်ရဲ့ အနိစ္စ လက္ခဏာကိုဘဲ ဆက်ပြီး ရှုကြရပါမယ်။

ဝိပဿနာရှုရာမှာ အနိစ္စသည် လိုရင်း ပဓာန။

(ပရမတ္ထဒီပနီဋီကာ)

ဝိသေသတော ပန ဣမသ္မိံ ဉာဏေ အနိစ္စလက္ခဏာ ဒဿနမေဝ ပဓာနံ တသ္မိံ ဒိဋ္ဌေ ယေဝ ဣတရာနိ ကမေန ဒိဋ္ဌာနိ ဟောန္တိ။

ဝိသေသတော ပန၊ အထူးထူး အားဖြင့်ကား။ ဣမသ္မိံ ဉာဏေ၊ ဤဝိပဿနာ ဉာဏ်ပညာ အရာ၌။ အနိစ္စလက္ခဏာဒဿန မေဝ၊ အနိစ္စလက္ခဏာကို မြင်ရခြင်းသည်သာလျှင်။ ပဓာနံ၊ လိုရင်း ဖြစ်သော ပဓာနတရားသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ၊ ထိုသို့ အနိစ္စလက္ခဏာကို။ ဒိဋ္ဌေယေဝ၊ မြင်ရသည် ရှိသော်သာလျှင်။ ဣတရာနိ၊ ဤအနိစ္စမှကြွင်းသော ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ရေးတို့ကိုလည်း။ ကမေန၊ အစဉ်အတိုင်း အားဖြင့်။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ခန္ဓာမှာ အနိစ္စလက္ခဏာ မြင်အောင်သာ ကြိုးစားရှု၊ အနိစ္စ လက္ခဏာတပါးထင်ရင် ကြွင်းတဲ့ ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ တွေ ထင်တော့တာဘဲ။

## ၁—နာမရူပ ပရိစ္ဆေဒဉာဏ်

ဝိပဿနာဟာ နာမ်ရုပ်ကို ရှုရမှာ ဖြစ်တဲ့အတွက် ဝိပဿနာ မရှုခင်မှာ မိမိရဲ့ ခန္ဓာကိုယ်ကြီးကို ပိုင်းခြားလိုက်မယ်ဆိုရင် မြင်သိ ကြားသိစတဲ့ ခြောက်ဒွါရမှာ အာရုံနဲ့ ကြုံတိုင်း သိမှု သဘော သက်သက်က နာမ်တရားဖြစ်တယ်၊ မသိတတ်တဲ့ သဘောတရား သက်သက်က ရုပ်တရားဖြစ်တယ်၊ ဒီလို စစဉ်း ရုပ်နှင့် နာမ်သာ ရှိတယ်လို့ ပိုင်းပိုင်းခြားခြား သိတာကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်။

## ၂—ပစ္စယပရိဂ္ဂဟဉာဏ်

ဒီနာမ်ရုပ်ဟာ ဘာကြောင့် ဖြစ်လာတာလဲ ဆိုတော့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရဆိုတဲ့ အကြောင်းတရား ငါးခု ကြောင့် ရုပ်ဖြစ်လာတယ်၊ အကျဉ်းအားဖြင့် ဒွါရနဲ့ အာရုံကြောင့် နာမ်ဖြစ်လာတယ်လို့ နာမ်ရုပ် ဖြစ်ခြင်းရဲ့ အကြောင်းကို သိမ်း ဆည်းတာကို ပစ္စယ ပရိဂ္ဂဟဉာဏ်လို့ခေါ်တယ်၊ ဒါဟာ ဝိပဿနာ မရှုသေးဘူး၊ ဝိပဿနာ ရှုမယ်လို့ ပြင်ဆင်နေတာ၊ ဒီ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်တို့ဟာ ဝိပဿနာဉာဏ်တို့ရဲ့ အခြေမူလ ဉာတပရိညာဖြစ်၏လို့ မိန့်ထားပါတယ်။

ကိုင်း တဆင့် ရှေ့နားတိုးပြီး သိထားရမှာက ဒီနာမ်ရုပ်ကို ဖြစ်စေတဲ့ အကြောင်း တရားတွေဟာ မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ ဒုက္ခ၊ အစိုးမရတဲ့ အနတ္တတွေကို သိထားရမယ်၊ ဒီလိုသိထားတော့ အကြောင်းကမှ အနိစ္စဖြစ်နေရင်ဖြင့် အကျိုးဖြစ်တဲ့ နာမ်ရုပ်ဟာ ဘယ်လိုနည်းနှင့်မှ မမြဲနိုင်တော့ဘူးဆိုတာကို သဘောကျလက်ခံ နိုင်မယ်။

စာကြည့်တိုက်

ဥပမာ—.

ပဏ္ဍာသမှာ ပြတော်မူတဲ့ ဥပမာ—သစ်ပင်ကမှ မမြဲရင် သစ်ရိပ်ဟာ ဘယ်နည်းနှင့်မျှ မမြဲနိုင် စသည်ဖြင့် ဥပမာ ပြတော်မူထားပါတယ်။

ဝိပဿနာ ရှုကြစို့

၃—သမ္မသနညာဏ်

(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

သဗ္ဗံရူပံ အနိစ္စတောဝ ဝဝတ္တေတိ တေ သမ္မသနံ။

ပစ္စုပ္ပန် ခန္ဓာတ္တယရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု အဖန်ဖန်သုံးသပ်ခြင်းသည် သမ္မသနညာဏ်မည်၏။

ဝေဒနာ, သညာ, သင်္ခါရ ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာ (၄)ပါးကို ထိုအတူဘဲ သုံးသပ်တာကို သမ္မသနညာဏ်လို့ ခေါ်တယ်။

၄—ဥဒယဗ္ဗယညာဏ်

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ နိစ္စသညာဒီနံ ပဟာနေန၊ ဆိုတော့ နိစ္စသညာစသည်ကို ပယ်ဘို့ရာ အနိစ္စလို့ရှုရင်းကဘဲ ညာဏ်ရင့်ပြီး ဖြစ်မှုပျက်မှုကို ရှုတဲ့ ညာဏ်ကို ဥဒယဗ္ဗယညာဏ်လို့ခေါ်တယ်၊ ရှုနေတာကတော့ အနိစ္စလို့ ရှုနေတာဘဲ။

၅—ဘင်ဂ်ညာဏ်

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပုနပ္ပုနံ အနိစ္စ ဒုက္ခ မနတ္တာတိ ရူပါ ရူပမေ့ ဘင်ဂ်ညာဏ်ဆိုတာလဲ ဒီရုပ် နာမ်ရဲ့ အနိစ္စ ဒုက္ခ အနတ္တကိုဘဲ

အကြိမ်များစွာ ရှုလာတော့ ဉာဏ်ဟာ ထက်မြက်လာမယ်တဲ့၊ ဉာဏ်ထက်သလောက် သခါရတွေ လျင်မြန်တာ သိလာတဲ့အခါ 'နိမိတ္တံဝါ န သမ္မာပုဏာတိ' ပုံသဏ္ဍာန်နိမိတ် မထင်တော့ဘဲ 'ခယ ဝယ ဘေဒ နိရောဓေယေဝ သတိ သန္တိဋ္ဌတိ' ခဏိကနိရောဓမှာ သာလျှင် သတိဟာ တည်နေတော့၏တဲ့၊ (သတိ) ဒါကြောင့် မဂ်ဉာဏ်ဆိုတာဟာ ဝိပဿနာဉာဏ် ရင့်သန်ကုန်ဆုံးမှ ဖြစ်ကောင်းသော တရားဖြစ်ခြင်းကြောင့် သဏ္ဍာန်နိမိတ်လွတ်ပြီး၊ နိမိတ္တံ ဝါ န သမ္မာပုဏာတိ အံရဖြစ်တဲ့ ဘင်ဉာဏ် စခန်းကို သင်ယောဂီ ရောက်ပါသလား၊ မရောက်ဘူးလားဆိုတာ စိစစ်ပါ၊ ဒီအခြေ လောက်ရောက်ရန်ဟာလဲ မလွယ်ကူလှပေ၊ ဒီဘင်ဉာဏ်အခြေခံ တောင်မှ မကောင်းသေးဘဲ သို့မဟုတ် ပညတ်သဏ္ဍာန်ကို ကျော် လွန်၍ အတွင်း ပရမတ္ထဓမ္မကို တောင်မှ သင် ယောဂီဉာဏ်ဟာ မရောက်သေးပါဘဲနဲ့ မဂ်ဉာဏ်ကို အတင်း ရောက်ချင်လို့လဲ ဖြစ်ကောင်းသော တရားမဟုတ်ပါ၍ ယောဂီ အစဉ်အတိုင်း မှန်ကန်စွာ အားထုတ်ပါလို့ တိုက်တွန်းလိုက်ပါသည်။

မထိုင်ခင်က ခြေဆင်း၍ မဖြစ်၊ မလင်းခင်က နေရောင် လာ၍ မဖြစ်၊ ဝိပဿနာဉာဏ် မမြင်သေးဘဲ မဂ်ဉာဏ်မဖြစ် ကောင်းပေ။

(သမ္မော အဋ္ဌကထာ)၊

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေမူဠော၊ ဗဇ္ဈမာနော န မုစ္စတိ။

ယံ၊ အကြင်ယောကျ်ား မိန်းမ စသောဒြပ်ကို။ ပဿတိ၊ မြင်၏။ တံ၊ ထိုယောကျ်ား မိန်းမစသော ဒြပ်ကို။ န ဒိဋ္ဌံ (ဝိပဿနာ

နေရာမှာ) မရှုမြင်အပ်။ ယံ၊ အကြင်ပထဝီစသော ရုပ်ပရမတ်ကို။ ပညာစက္ခုနာ၊ ပညာစက္ခုဖြင့်။ ယထာဘူတတော၊ ဟုတ်တိုင်းမှန်စွာ။ န ပဿတိ၊ မရှုမမြင်တတ်။ ဝါ၊မမြင်ကြ။မူဋ္ဌော၊မောဟဖြင့် တွေဝေသည်ဖြစ်၍။ အပဿံ-အပဿန္တော၊ ပထဝီစသော ရုပ်ပရမတ်ကို မသိမြင်သောပုဂ္ဂိုလ်ကို။ ဗဇ္ဈတေ၊ တဏှာ မာနစသော ကိလေသာတို့ဖြင့် ဖွဲ့ချည်၍ ထားတော့၏။ ဗဇ္ဈမာနော၊ သံသရာဝဲဝဋ္ဋဆင်းရဲ၌ တဏှာ မာန-စသော ကိလေသာတို့ဖြင့် ချည်နှောင်ထားအပ်သော ပုဂ္ဂိုလ်သည်။ န မုစ္စတိ၊ သံသရာဝဋ္ဋဆင်းရဲမှ မကျွတ်လွတ်နိုင်သည်သာတည်း။

## ဝိပဿနာရှုတယ်ဆိုတာဟာ ပညတ်ကို မရှုရဘူး

ခက်မာဖွဲ့စေး ပူအေး တောက်ကန်ဆိုတဲ့ ၄-တန်သော ပရမတ်သဘောကို ရှုရမှာ၊ ပရမတ်ထိအောင် မကြည့်ရင် သဏ္ဌာန်တွေနေမှာပေါ့၊ သဏ္ဌာန်နိမိတ်ကို ကိလေသဝတ္ထုဘူတလို့ ဖွင့်ထားတယ်၊ ပုံသဏ္ဌာန်နိမိတ်မှာ ကောင်းတာ ဆိုးတာ မလှတာ ပါလာတယ်၊ ဒါ့ကြောင့် ကောင်းတာနဲ့တွေ့တော့ လောဘကိလေသာ မကောင်းတာနဲ့တွေ့တော့ဒေါသကိလေသာဖြစ်မယ်ပေါ့၊ဒီကိလေသာတွေနှောင်ဖွဲ့ထားလျှင် သံသရာမှ မလွတ်နိုင်၊ ပူမှု, အေးမှုစတဲ့ ပရမတ်မှာ ကောင်းတာ မကောင်းတာမရှိတော့ သူတို့ကို အာရုံပြုပြီးဖြစ်မဲ့ လောဘ, ဒေါသကိလေသာ ဖြစ်ခွင့်မရှိ၊ ဒီပူမှု,အေးမှုကို ဉာဏ်နဲ့ကြည့်တော့ ဖြစ်ပြီးပျက်တဲ့ အနိစ္စတွေ့မယ်၊ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် နှိပ်စက်နေတဲ့ ဒုက္ခတွေ့မယ်၊ အလို မလိုက်တဲ့ အနတ္တဘဲ တွေ့မယ်ဆိုတော့ ပရမတ်ကိုမြင်ရင် ဝိပဿနာဖြစ်မယ်၊ ဒီလို ပရမတ်ဓမ္မတို့ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာကို အဖန်ဖန်

ရှုလာတဲ့အခါ ဖြစ်ခြင်း, ပျက်ခြင်းတွေဟာ အလွန်လျင်မြန်ပြီး ဖြစ်တာကိုမမြင် ပျက်တာသာမြင်လိုက်ရသလိုဖြစ်သော ဉာဏ်ကို ဘင်္ဂဉာဏ်ဟု ခေါ်သည်၊ ရှုနေတာကတော့ အနိစ္စဘဲ။

## ၆—ဘယဉာဏ်

ဤသို့ ဘင်္ဂဉာဏ်ကို အဖန်ဖန်အားထုတ်သော ယောဂီသည် သင်္ခါရဟုဆိုအပ်တဲ့ ခန္ဓာတွေကို ကြောက်ဘွယ်ဘေးကြီးပါဟု ထင်လာ၏၊ (သတိ) ကြောက်ဘွယ်ထင်သော ဘယဉာဏ်သည် သတိသမ္ပဇဉ် ကင်းသော ဒေါသမူ·ဒေါသဖြင့် မျက်နှာရှုံ့ပြီး ကြောက်တဲ့ ကြောက်စရာအာရုံကိုမြင်၍ ကြောက်တဲ့ ကြောက်နည်းမျိုးမဟုတ်၊ သြတ္တပ္ပယှဉ်သောဉာဏ်ကြောင့် ကြောက်ဘွယ်ဟု ဆိုးဖြတ်သော တီရဏဉာဏ်၊ ရှုနေတာကတော့ မမြဲတာဘဲ။

## ၇—အာဒီနဝဉာဏ်

ဤကဲ့သို့ ဘယဉာဏ်ကို အဖန်ဖန်အားထုတ်သော ယောဂီဟာ ဘဝ ယောနိတို့၌ ပုန်းအောင်းစရာမမြင် သင်္ခါရ တစုံတခု၌ တောင့်တခြင်း သုံးသပ်ခြင်းမရှိ အပြစ်ကိုသာ မြင်လျက်ရှိ၏၊ ထိုအခါ အာဒီနဝဉာဏ်ဖြစ်၏၊ ယခုလက်ရှိခန္ဓာရဲ့ မမြဲတဲ့ အပြစ်တွေမြင်တော့ နောင်လာမဲ့ခန္ဓာတွေဟာလဲဒီပုံဘဲရှိမှာဘဲလို့မြင်ပြီးမတောင့်တဘဲ အပြစ်ဖြစ်နေတယ်လို့ယူပါ၊ ဒါဟာ မဂ်ဉာဏ်မရောက်ရင် ဖြင့် ဝိပဿနာဖြစ်ခိုက်ကို ယူပါ၊ ရှုနေတာကတော့ ခန္ဓာရဲ့ အနိစ္စဘဲ။

သုဒ္ဓမ္မဝတီ (က) ၁၀၉–၇

## ၈—နိဗ္ဗိဒါဉာဏ်

အာဒီနဝဉာဏ်ဖြင့် အပြစ်မြင်သော ယောဂီသည် ဘုံဘဝ သင်္ခါရအားလုံးတို့၌ မပျော်မမွေ့ ငြီးငွေ့လေ၏၊ ထိုအခါ နိဗ္ဗိဒါ ဉာဏ်သည်ဖြစ်၏၊ ရှုနေဒါကတော့ ခန္ဓာအနိစ္စဘဲ။

ဘဝသင်္ခါရအားလုံးသည် လှောင်အိမ် ရွှေချိုင့်နှင့် တူ၏၊ အနုပဿနာ တသုံးတောင်ဟူသော အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုခြင်းသည်သာလျှင် မွေ့လျော်ဘွယ်ကောင်းလေစွ။

## ၉—မုဉ္စိတုကမျတာ ဉာဏ်

နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့သောယောဂီသည် ဘုံဘဝသင်္ခါရ တစုံ တခု၌သော်လည်း ကပ်ငြိခြင်းမရှိ၊ လွတ်ကင်းခြင်းငှါ ထွက်မြောက် ခြင်းငှါ အလိုရှိ၏၊ ထိုအခါ မုဉ္စိတုကမျတာဉာဏ် ဖြစ်၏၊ ရှုနေတာ ကတော့ ခန္ဓာအနိစ္စဘဲ 'တံ အမုဉ္စမာနေ ဝ' ကို လက်မလွှတ်နဲ့။

## ၁၀—ပဋိသင်္ခါ ဉာဏ်

သင်္ခါရအားလုံးမှ လွတ်မြောက်ခြင်းငှါ ထိုသင်္ခါရတို့ကို တဖန် ပြန်၍ အနိစ္စံ ပလောကံ စသည်ဖြင့် လက္ခဏာရေးသုံးပါး ရှုပြန်၏၊ တဖန် သိမ်းဆည်းပြန်၏၊ ထိုအခါ ပဋိသင်္ခါဉာဏ်သည် ဖြစ်၏၊ ရှုနေတာကတော့ ခန္ဓာအနိစ္စဘဲ။

တံငါသည်တယောက် ငါးထောင်တဲ့အခါမှာ ရေထဲမှာနှိုက်ကိုင် ဖမ်းလိုက်တော့ မြွေဟောက်ရဲ့လည်ပင်းကို ကိုင်မိပါတယ်၊ ဒါပေမဲ့ သူက ငါးကြီးထင်နေတဲ့အတွက် နှစ်သက်တဲ့စိတ်တွေ ပေါ်ပေါက် နေပါတယ်၊ ရေပေါ်ကို ဖော်ကြည့်လိုက်တော့ လည်ပင်းက

အတန့်သုံးခုကို မြင်တဲ့အခါ ကျတော့မှ မြွေဟောက်မှန်းသိပြီး ကြောက်လန့်ပါတယ်၊ ကြောက်လန့်မှုလဲ လွတ်ချင်စိတ်ပေါက်ပါတယ်၊ မြွေရဲ့လည်ပင်းက အတန့်သုံးခုကိုမြင်မှ မြွေမှန်းသိတဲ့ တတွက် ကြောက်သလို ယောဂီလဲ ဘုံသုံးပါး၌ အစစွာ မိမိ အတ္တဘောကို သမ္မသန, ဥဒယဗ္ဗယ, ဘင်္ဂဉာဏ်ဖြင့်ခွဲ၍ ဖေါ်ထုတ်သောအခါ အနိစ္စ, ဒုက္ခ, အနတ္တဟူသော လည်ရေး သုံးတန့်ကို မြင်ခဲ့ပြီး ထိုအခါ ဘယဉာဏ်ဖြင့် ကြောက်ခဲ့ပြီး အာဒီနဝဉာဏ်ဖြင့် အပြစ်မြင်ခဲ့ပြီး နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ခဲ့ပြီး မုဉ္စိတုကမျတာဉာဏ်ဖြင့် လွတ်ပစ်လိုခဲ့ပြီး ဤအခါတွင် လွတ်ကြောင်း ပြည့်စုံအောင် ကျကျနန ပြန်၍ သိမ်းဆည်း၍ အနိစ္စ, ဒုက္ခ, အနတ္တဟု ပဋိသင်္ခါဉာဏ်ဖြင့် အကြိမ်ကြိမ် ဝင့်ရလေ၏၊ ဤကဲ့သို့ ပွါးခြင်းဖြင့် နိစ္စ, သုခ, အတ္တ,သုဘအားဖြင့် မထင်နိုင်အောင် သင်္ခါရတို့ အားနည်းသောအခါ သွားလေတော့ဟု ကောင်းကောင်းကြီး လွတ်ပစ်နိုင်လေ၏၊ လိုရင်းကတော့ ပဋိသင်္ခါဉာဏ်ဆိုတာလဲ ခန္ဓာရဲ့ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေးကိုဘဲ ရှုနေတာဘဲ။

## ၁၁—သင်္ခါရုပေက္ခာ ဉာဏ်

ပဋိသင်္ခါဉာဏ် ရှုဖန်များလတ်သော် ကြောက်ခြင်း, နှစ်သက်ခြင်းကိုပယ်၍ သင်္ခါရတို့၌ လျစ်လျူရှုနိုင်၏၊ ငါဟူ၍ရင်း ငါ၏ဉစ္စာဟူ၍ရင်း ယူစရာမမြင်၊ ထိုအခါ သင်္ခါရုပေက္ခာဉာဏ် ဆိုဒါဟာ သင်္ခါရဆိုတဲ့ ခန္ဓာကို လုံးဝ မရှုဘဲ ပစ်ထားတာကို ခေါ်တာလို့ တချို့ ထင်ကောင်း ထင်မယ်၊ ဒီလို မဟုတ်ပါဘူး၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ 'ရူပံ အနိစ္စတော ပဿတိ' ခန္ဓာငါးပါးရဲ့ အနိစ္စ,ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါးကိုဘဲ ရှုနေတာဘဲ။

တိလက္ခဏံ အာရောပေတွာ၊ သင်္ခါရေ ပရိဂ္ဂဏှန္တော၊ ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သင်္ခါရေသု ဥဒါသိနော အဟောသိ မဇ္ဈတ္တော အဟန္တိဝါ မမန္တိဝါ န ဂဏှာတိ ဝိဿဋ္ဌဘရိယော ဝိယ ပုရိသော။

တိလက္ခဏံ၊ အနိစ္စ, ဒုက္ခ, အနတ္တ-ဟူသော ယာဉ်သုံးပါးသို့။ အာရောပေတွာ၊ တင်၍။ သင်္ခါရေ၊ ခန္ဓာငါးပါး သင်္ခါရတရားတို့ကို။ ပရိဂ္ဂဏှန္တော-သမ္မသန္တော၊ သုံးသပ်သော ယောဂီသည်။ ဘယဉ္စ၊ လျစ်လျူ မရှုသည်၏အဖြစ်ဖြင့် သင်္ခါရတို့၏ ပျက်စီးခြင်းကို မှီ၍ ဖြစ်လတ်သော ဘေးကိုရင်း။ နန္ဒိဉ္စ၊ သင်္ခါရတို့၏ ပြည့်စုံခြင်းကိုမှီ၍ ဖြစ်လတ်သော ဝမ်းမြောက် နှစ်သက်ခြင်းကိုရင်း။ ဝိပ္ပဟာယ၊ စွန့်၍။ သင်္ခါရေသု၊ သင်္ခါရတို့၌။ ဥဒါသိနော၊ လေးတူ ချိန်သို့ ဥဒါသိန်မူသည်။ မဇ္ဈတ္တော၊ လျစ်လျူရှုသည်။ အဟောသိ၊ ဖြစ်၏။ အဟန္တိဝါ၊ ငါဟူ၍ရင်း။ မမန္တိ ဝါ၊ ငါ၏ဥစ္စာဟူ၍ရင်း။ န ဂဏှာတိ၊ မစွဲလမ်း။ ကိမိဝ၊ ဥပမာ အဘယ်သို့နည်းဟူမူကား။ ဝိဿဋ္ဌဘရိယော၊ စွန့်ပစ်အပ်သော မယားရှိသော။ ပုရိသောဝိယ၊ ယောကျ်ားကဲ့သို့တည်း။

အကျင့်မကောင်းသော မယားကို ပယ်စွန့်ပြီးနောက် သူနှင့် ပတ်သက်သမျှ ဘာမှ အမျက်လဲမထွက်တော့ဘဲ လျစ်လျူရှုနေသလို ဘုံဘဝသင်္ခါရအားလုံးကို လျစ်လျူရှု၏၊ ခန္ဓာငါးပါးတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုဖန်များလာ၍ ကြောက်ခြင်း နှစ်သက်ခြင်းကို ပယ်စွန့်သောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏၊ သင်္ခါရတို့ကို မရှုတာ မဟုတ်ဘူး ဒီသင်္ခါရတွေကို ရှုနေရင်းက သူတို့ရဲ့ အပြစ်တွေကိုမြင်လာလို့ လျစ်လျူရှုတဲ့ဉာဏ် ပေါ်လာတာ၊ ဒါကို သင်္ခါရုပေက္ခာဉာဏ် ခေါ်သည်။

သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘုဉာဏ်, ဒီသုံးဉာဏ်သည် လောကီဉာဏ် ထိပ်ဆုံးဖြစ်၍ သိခါပတ္တလည်း မည်၏၊ မဂ်သို့ရောက်အောင် သွားသောကြောင့် ဝုဋ္ဌာဂါမိနိ ဝိပဿနာလည်း မည်၏။

**အနိမိတ္တာနုပဿနာ**

၁။ အနိစ္စဟုရှုလျှင် — နိစ္စနိမိတ်ကို လွှတ်သည်။
၂။ ဒုက္ခဟု ရှုလျှင် — သုခနိမိတ်ကို လွှတ်သည်။
၃။ အနတ္တဟု ရှုလျှင် — အတ္တနိမိတ်ကို လွှတ်သည်။

ထိုသင်္ခါရုပက္ခောဉာဏ်သည် ငြိမ်းအေးရာ အမတဓာတ်ဟု ဆိုအပ်သော နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မြင်ငြားအံ့ အလုံးစုံသော သင်္ခါရတို့၏ ဖြစ်ခြင်းကိုလွှတ်၍ နိဗ္ဗာန်သို့ သာလျှင် ပြေးဝင်၏၊ နိဗ္ဗာန်ကို အကယ်၍ မမြင်သေးဘူးဆိုရင် အဖန်ဖန် သင်္ခါရတရားကိုသာလျှင် အာရုံပြု၍ ဖြစ်ပြန်တယ်၊ **ဥပမာ**- သမုဒ္ဒရာကို ကူးသန်းကုန်သော သင်္ဘောသားတို့၏ (ဒိသာကာကောဝိယ) အရပ်မျက်နှာကိုသိသော ကျီးကဲ့သို့ဖြစ်၏၊ သင်္ဘောသားတွေဟာ ကျီးကိုဘမ်းယူပြီး သင်္ဘောနဲ့ သမုဒ္ဒရာ ကူးကြတဲ့အခါ တဘက်ကမ်းကို မမြင်တော့ ကျီးကိုလွှတ်တယ် ကျီးဟာ ပျံတက်ပြီး ကမ်းကိုရှာဖွေတယ်၊ ကမ်းကို အကယ်၍မြင် လျှင် မြင်ရာကမ်းကိုသာ သွားမယ်ပေါ့၊ အကယ်၍ ကမ်းကိုမမြင် ရင်တော့ သင်္ဘောလင်းယဉ်တိုင်မှာဘဲ ပြန်နားမယ်၊ ဒီဥပမာလိုဘဲ သင်္ခါရုပေက္ခာဉာဏ်ဟာလဲ နိဗ္ဗာန်ကို အကယ်၍ မြင်မယ်ဆိုရင်လဲ အလုံးစုံသော သင်္ခါရကိုလွှတ်ပြီး နိဗ္ဗာန်ကိုသာပြေးဝင်၏၊ အကယ်

၍ မမြင်သေးရင်လဲ အဖန်တလဲလဲ သင်္ခါရကိုသာလျှင် အာရုံပြု၍ ဖြစ်၏လို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်တော်မူ၏။

## ဥပမာ ၁၂-မျိုးတို့တွင် အိမ်မီးလောင်တဲ့ ဥပမာ

ဃရန္တိ၊ အိမ်ဟူသည်ကား။ ဃရသာမိကော၊ အိမ်ရှင်သည်။ သာယံ၊ ညအခါ၌။ ဘုဉ္ဇိတွာ၊ စားသောက်၍။ သယနံ၊ အိပ်ရာသို့။ အာရုယှ၊ တက်၍။ နိဒ္ဒံ၊ အိပ်မွေ့ခြင်းသို့။ ဩက္ကန္တေ၊ သက်သည်ရှိသော်။ ဃရံ၊ အိမ်ကို။ အာဒိတ္တံ ကိရ၊ မီးလောင်သတတ်။ သော၊ ထိုအိမ်ရှင်သည်။ ပဗုဇ္ဈိတွာ၊ နိုးလတ်၍။ အဂ္ဂိံ၊ မီးကို။ ဒိသွာ၊ မြင်၍။ ဘီတော၊ ကြောက်သည်ဖြစ်၍။ အဍယှမာနော၊ ကိုယ်ကို မီးမလောင်ပဲ။ သစေနိက္ခမေယျံ၊ အကယ်၍ ထွက်ပြေးရမူကား။ သာဓုဝတ၊ အကောင်းကြီး စင်စစ်။ အဿ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဩလောကယမာနော၊ ထွက်ရာလမ်းကို ကြည့်သည်ရှိသော်။ မဂ္ဂံ၊ လမ်းကို။ ဒိသွာ၊ မြင်၍။ နိက္ခမိတွာ၊ ထွက်လတ်၍။ ဝေဂေန၊ လျင်စွာ။ ခေမဋ္ဌာနံ၊ ဘေးကင်းရာအရပ်သို့။ ဂန္တွာ၊ သွား၍။ ဌိတော၊ တည်၏။ တတ္ထ၊ ထိုဥပမာ၌။ ဃရသာမိကဿ၊ အိမ်ရှင်၏။ ဘုဉ္ဇိတွာ၊ စား၍။ သယနံ၊ အိပ်ရာသို့။ အာရုယှ၊ တက်၍။ နိဒ္ဒေါက္ကမနံ ဝိယ၊ အိပ်ပျော်ခြင်းသို့ ရောက်သကဲ့သို့။ ဗာ ၊ လပုထုဇ္ဇနဿ၊ မိုက်သော ပုထုဇဉ်၏။ ခန္ဓပဉ္စကေ၊ ခန္ဓာငါးပါးတို့ကို။ အဟံမမာတိဂဟဏကာ၊ ငါ ငါ၏ ဥစ္စာဟု စွဲလမ်းခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ပဗုဇ္ဈိတွာ၊ နိုး၍။ အဂ္ဂိံ ၊ မီးကို။ ဒိသွာ၊ မြင်၍။ ဘီတကာလော ဝိယ၊ ကြောက်သော ကာလကဲ့သို့။ သမ္မာပဋိပဒံ၊ ကောင်းသော အကျင့်ကို။ ပဋိပဇ္ဇိတွာ၊ ကျင့်၍။ လက္ခဏံ၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာကို။ ဒိသွာ၊ မြင် ၍။ ဘယတုပဋ္ဌာနဉာဏံ၊ ဘယဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်

အပ်၏။ နိက္ခမနမဂ္ဂ၊ ထွက်ရာလမ်းကို။ ဩလောကနံဝိယ၊ ကြည့်ခြင်းကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ မဂ္ဂဒဿနံဝိယ၊ လမ်းကိုမြင်ခြင်းကဲ့သို့။ အနုလောမံ၊ အနုလောမဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ နိက္ခမနံဝိယ၊ မီးလောင်သောအိမ်မှ ထွက်သကဲ့သို့။ ဂေါတြဘုဉာဏံ၊ ဂေါတြဘုဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (သင်္ခါရနိမိတ္တတော၊ သင်္ခါရနိမိတ်မှ။ နိက္ခန္တတ္တာ၊ ထွက်သည်၏ အဖြစ်ကြောင့်တည်း။) ဝေဂေန၊ လျင်မြန်သော အဟုန်ဖြင့်။ ဂမနံဝိယ၊ ပြေးခြင်းကဲ့သို့။ မဂ္ဂဉာဏံ၊ မဂ်ဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (ဝိသင်္ခေတဗ္ဗဂဟေတဗ္ဗပဒေသေသု၊ စွန့်အပ်သောအရပ် ယူအပ်သော အရပ်တို့၌။ သာဓနကိစ္စ ဝိသေသ ယောဂတော၊ ပြီးစေခြင်းကိစ္စအထူးနှင့်ယှဉ်သောကြောင့်တည်း။) ခေမဋ္ဌာနေ၊ ဘေးကင်းရာအရပ်၌။ ဌာနံဝိယ၊ ရပ်တည်ခြင်းကဲ့သို့။ ဖလဉာဏံ၊ ဖိုလ်ဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## နှုတ်မှ မှတ်ချက်

၁။ ထမင်းစားပြီး အိမ်ပေါ်မှာချမ်းသာစွာ အိပ်နေတာနှင့် ပုထုဇန်သည် ခန္ဓာငါးပါးကို ငါ-ငါ၏ ဥစ္စာဟု စွဲလမ်းနေတာနှင့်တူ၏။

၂။ အိပ်ရာမှနိုးလျက် အိမ်ကို မီးလောင်တာကိုမြင်၍ ကြောက်တာနှင့် ကောင်းစွာကျင့်၍ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာကို မြင်၍ ဘယဉာဏ် ပေါ်လာသည်နှင့် တူ၏။

၃။ ထွက်ပြေးဘို့ လမ်းပေါက် ကြည့်တာနှင့် မုဉ္စိတုကမျတာဉာဏ် ပေါ်လာသည်နှင့် တူ၏။

၄။ ထွက်ပြေးဘို့ရာ လမ်းကို မြင်တာနှင့် အနုလောမဉာဏ် ပေါ်လာသည်နှင့် တူ၏။

၅။ မီးလောင်သောအိမ်မှ ထွက်သည်နှင့် ဂေါတြဘုဉာဏ်ပေါ် လာသည်နှင့် တူ၏။

၆။ လျင်မြန်စွာပြေးတာနှင့် မဂ်ဉာဏ်ပေါ်လာသည်နှင့်တူ၏။

၇။ မီးလွတ်၍ ဘေးကင်းရာမှ ရပ်တည်နေတာနှင့် ဖိုလ်ဉာဏ် ဖြစ်ပေါ် လာသည်နှင့် တူ၏၊ ရှုနေတာကတော့ ခန္ဓာ အနိစ္စဘဲ။

## ၁၂–အနုလောမဉာဏ်

မဂ်စိတ်ဖြစ်လိုသည်ရှိသော် အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုမြဲရှုနေကျ ဖြစ်တဲ့ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော- ခုနစ်ကြိမ် ဖြစ်ရာမှ ဘဝင်ကျ၍ ဘဝင်အယဉ်ကိုဖြတ်ပြီးလျှင် သင်္ခါ ရ၏ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာ တပါးပါးကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းတို့နောင် ပရိကံ ဥပစာ အနုလုံဟု ဝိပဿနာ ဉာဏ်ဇော သုံးကြိမ် ဖြစ်၏၊ နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘု ဝိပဿနာဉာဏ်ဇော တကြိမ် မဂ်တကြိမ် ဖိုလ်နှစ်ကြိမ် သုံးကြိမ် ဖြစ်၍ ဘဝင်ကျ၏။

ဤပရိကံ- ဥပစာ- အနုလုံဉာဏ်သည် အနုလောမဉာဏ်မည်၏၊

ရှုနေတာကတော့ ခန္ဓာအနိစ္စဘဲ။

**မှတ်စရာ—** ခန္ဓာ အနိစ္စကို ရှုဖန် များလာတော့ ဉာဏ်ရင့်ပြီး တဖြေးဖြေး အမြင် ပြောင်းလာတာကို ဉာဏ်အစဉ်တက်လာတယ် လို့ဆိုပါတယ်။

## ၁၃—ဂေါတြဘုဉာဏ်

ဂ္ဂတော၊ဤအနုလောမဉာဏ်မှ။ ပရံဥပရိ၊ အထက်၌။ဂေါတြဘုဉာဏံ၊ဂေါတြဘုဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။တံ ဂေါတြဘုဉာဏံ၊ ထိုဂေါတြဘုဉာဏ်သည်။ မဂ္ဂဿ၊ မဂ်၏။ အာဝဇ္ဇနဋ္ဌာနိယတ္တာ၊ အာဝဇ္ဇန်းအရာ၌ တည်သည်၏ အဖြစ်ကြောင့်။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိံ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့။ နေဝဘဇတိ၊ မဝင်။

(အနိစ္စာဒိဝသေနသင်္ခါရာနံ အဂဟဏတော၊ အနိစ္စအစရှိသည့်တို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို မယူခြင်း ကြောင့်တည်း) ဉာဏဒဿနဝိသုဒ္ဓိံ၊ ဉာဏဒဿနဝိသုဒ္ဓိသို့။နဘဇတိ၊ မဝင်။နိဗ္ဗာနာရမ္မဏတ္တော၊ နိဗ္ဗာန်ကိုအာရုံပြုသည်၏ အဖြစ်သည်။ သတိပိ၊ ရှိပါသော်လည်း။ ကိလေသာနံ၊ ကိလေသာတို့ကို။ အခေပနတော၊ မကုန်စေနိုင်သည်၏ အဖြစ်ကြောင့်တည်း။ပ။ဝိပဿနာသောတေ၊ ဝိပဿနာအလျဉ်၌။ပတိတတ္တာ၊ ကျသည်၏အဖြစ်ကြောင့်။ဝိပဿနာတိသင်္ခံ၊ဝိပဿနာဟု ခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဂေါတြဘုဉာဏ်ဟာ သင်္ခါရကိုအာရုံပြုတာတော့ မဟုတ်ဘူး၊ နိဗ္ဗာန်ကိုဘဲ အာရုံပြုတယ်တဲ့၊ ဒါပေမဲ့ ဝိပဿနာဉာဏ်ဘဲတဲ့။

ဝိပဿနာယမုဒ္ဓဘူတံ အပုနရာဝဋ္ဋကံ ဥပ္ပဇ္ဇတိ ဂေါတြဘုဉာဏံ။

ဝိပဿနာယ၊ ဝိပဿနာ၏။ မုဒ္ဓဘူတံ၊ဦးထိပ်ဖြစ်၍ဖြစ်သော။ အပုနရာဝဋ္ဋကံ၊ ကေန္တိက အဖြစ်ကြောင့်ရင်း တကြိမ်သာလျှင်ဖြစ်သည်၏အဖြစ်ကြောင့်ရင်း တဖန်မလည်သော။ ဂေါတြဘုဉာဏံ၊ ဂေါတြဘုဉာဏ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဂေါတြဘုဉာဏ်ရောက်လျှင် နောက်ပြန်သည်ဟု ထုံးစံမရှိ။

## ၁၄—မဂ္ဂဉာဏ်

ပရတီရဘူတော၊ ဟိုမှာဘက်ကမ်း သဘွယ်ဖြစ်၍ ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ပတိဋ္ဌာတုကာမော၊ တည်လိုသည်ဖြစ်၍။ ဥဒယဗ္ဗယာနုပဿနာဒိနာ၊ ဥဒယဗ္ဗယဉာဏ် အစရှိသည်ဟု ဆိုအပ်သော။ ဝေဂေန၊ လျင်သောအဟုန်ဖြင့်။ ဓာဝိတွာ၊ ပြေးလတ်၍။ အတ္တဘာဝ ရုက္ခသာခါယ၊ အတ္တဘော တည်းဟူသောသစ်ကိုင်း၌။ ဗန္ဓိတွာ၊ ဖွဲ့၍။ ဩလမ္ဗိတံ၊ဆွဲကိုင်အပ်သော။ရူပရဇ္ဇုံ ဝါ၊ ရုပ်တည်းဟူသော ကြိုးကိုရင်း။ ဝေဒနာဒီသု၊ ဝေဒနာ အစရှိသည်တို့တွင်။ အညတရဒဏ္ဍံ ဝါ၊ တပါးပါးသော လှံတံကိုရင်း။ (အနိစ္စန္တိ ဝါ၊ အနိစ္စဟူ၍ရင်း။ ဒုက္ခန္တိ ဝါ၊ ဒုက္ခဟူ၍ရင်း။ အနတ္တာတိ ဝါ၊ အနတ္တဟူ၍ရင်း။ ဣတိ၊ ဤသို့။ အနုလောမာဝဇ္ဇနေန၊ အနုလောမ၏ အာဝဇ္ဇန်းဖြင့်။ ဂဟေတွာ၊ ကိုင်၍။ တံ အာရမ္မဏံ၊ ထို လက္ခဏာရေးသုံးပါး ဟူသော အာရုံကို။အမုဉ္စမာနောဝ၊ မလွှတ်မူ၍သာလျှင်။) ပဌမေန အနုလောမ စိတ္တေန၊ ရှေးဦးစွာသော အနုလုံစိတ်ဖြင့်။ ဥလ္လင်္ဃိတွာ၊ ခုန်၍။ ဒုတိယေန အနုလောမစိတ္တေန၊ ဒုတိယ အနုလောမ စိတ်ဖြင့်။ ပရတီရနိန္နပေါဏ ပဗ္ဘာရကာယော ဝိယ၊ ဟိုမှာဘက်ကမ်းသို့ ညွတ်ကိုင်းရှိုင်းသောကိုယ်ရှိသကဲ့သို့။ နိဗ္ဗာနနိန္နပေါဏ ပဗ္ဘာရမာနသော၊ နိဗ္ဗာန်ဟူသော ထိုမှာဘက်ကမ်းသို့ ညွတ်ကိုင်းရှိုင်းသော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပရတီရဿ၊ ထိုမှာဘက်ကမ်း၏။ ဥပရိဘာဂံ၊ အထက်အဖို့သို့။ပတ္တော ဝိယ၊ရောက်သကဲ့သို့။ ဣဒါနိ၊ ယခုပင်လျှင်။ ပတ္တဗ္ဗဿ နိဗ္ဗာနဿ၊ ရောက်အပ်သော နိဗ္ဗာန်မှ။ ဝါ-နှင့်။အာသန္နော၊အနီးသည်။ ဟုတွာ၊ ဖြစ်၍။ တဿ စိတ္တဿ၊ ထိုတတိယ အနုလုံစိတ်၏။ နိရောဓေန၊ ချုပ်သဖြင့်။ တံ သင်္ခါရာရမ္မဏံ၊ ထို သင်္ခါရဟူသော

အာရုံကို။ မုဥ္စိတွာ၊ လွှတ်၍။ ဂေါတြဘုစိတ္တေန၊ ဂေါတြဘူစိတ်ဖြင့်။ ဝိသင်္ခါရေ၊ သင်္ခါရကင်းသော။ ပရတ္တိရဘူတေ၊ ဟိုမှာဘက်ကမ်း သဘာ့ယ်ဖြစ်၍ ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ပတတိ၊ အာရုံ ပြုသောအားဖြင့် ကျ၏။ ပန၊ ထိုသို့ နိဗ္ဗာန်ကို အာရုံပြုသော် လည်း။ ဧကာရမ္မဏော၊ တကြိမ်သာလျှင် အာရုံပြုအပ်သော နိဗ္ဗာန် ဟူသော အာရုံ၌။ အလဒ္ဓါသေဝနတာယ၊ အာသေဝနပစ္စည်းကို မရအပ်သည်၏ အဖြစ်ကြောင့်။ ဝေဓမာနော၊ တုန်လှုပ်သော။ သောပုရိသောဝိယ၊ ထိုယောကျ်ားကဲ့သို့။ သုပ္ပတိဋ္ဌိတော၊ မြဲမြံစွာ တည်သည်။ န တာဝဟောတိ၊ မဖြစ်သေး။ တတော၊ ထိုဂေါတြ ဘူဖြစ်သည်မှ နောက်၌။ မဂ္ဂဉာဏေန၊ မဂ်ဉာဏ်ဖြင့်။ ပတိဋ္ဌာတိ၊ မြဲစွာတည်၏။

## အကျဉ်း အဓိပ္ပါယ်

ဟိုမှာဘက်ကမ်းကို ကူးလိုတဲ့ယောကျ်ားဟာ မြောင်းရဲ့ဒီဘက် ကမ်းမှာ ပေါက်နေတဲ့ သစ်ပင်တွေရဲ့ အကိုင်းမှာ ချည်ဆွဲထားတဲ့ ကြိုးကိုဘဲ ဖြစ်ဖြစ် ဒုတ်ချောင်း လှံတံကိုဘဲ ဖြစ်ဖြစ် ကိုင်ပြီး ခုန်ကူးသလို နိဗ္ဗာန်ဆိုတဲ့ ဟိုမှာဘက်ကမ်းကို ကူးလိုတဲ့ ယောဂီ ဟာလဲ ဖြစ်ပျက် အနိစ္စကို ရှုတဲ့ ဥဒယဗ္ဗယစတဲ့ ဉာဏ်တို့ဖြင့် ပြေးလာပြီး ခန္ဓာကိုယ် သစ်ပင်ကိုင်းမှာ ဆွဲထားတဲ့ကြိုးနဲ့ တူတဲ့ ရုပ်ကိုဘဲ ဖြစ်ဖြစ် ကိုင်ဆွဲပြီး ခုန်ရမယ်၊ ဘယ်လိုကိုင်ရမလဲဆိုတော့ အနိစ္စလို့ ကိုင်ကိုင်၊ ဒုက္ခလို့ဘဲ ကိုင်ကိုင်၊ အနတ္တလို့ဘဲ ကိုင်ကိုင် (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)ဒီ လက္ခဏာရေး သုံးပါး အာရုံကို မလွှတ် ဘဲ ပဌမအနုလုံဖြင့် ခုန်၊ ဒုတိယအနုလုံဖြင့် နိဗ္ဗာန်ဘက်ညွှတ်ကိုင်း၊ တတိယ အနုလုံစိတ်ဖြင့် ဟိုဘက်ကမ်း အထက်ကို ရောက်သလို နိဗ္ဗာန်နဲ့ နီးသည် ဖြစ်၍ ဒီ တတိယ အနုလုံစိတ် ချုပ်တော့

သင်္ခါရကို လွှတ်တဲ့ ဂေါတြဘူစိတ် ဖြစ်ပြီး တဘက်ကမ်း ဖြစ်တဲ့ နိဗ္ဗာန်မှာ ကျတယ်တဲ့၊ ကျပေမဲ့လည်း နိဗ္ဗာန်ကို တကြိမ်ထဲ အာရုံပြုရသေးတာ ဖြစ်လို့ အာသေဝန ပစ္စည်း မရသေးတဲ့ အတွက် တုန်လှုပ်တဲ့ ယောကျ်ားကဲ့သို့ မြဲခိုင်စွာမတည်သေးဘူးတဲ့၊ ဒီဂေါတြဘူစိတ် နောက်မှာ မဂ်ဉာဏ် ပေါ်လာတော့မှ မြဲခိုင်စွာတည် တယ်တဲ့။

၁။ ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုသွားရင် မဂ်ဉာဏ် ပေါ်မယ်။

၂။ ဝေဒနာကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုသွားရင် မဂ်ဉာဏ် ပေါ်မယ်။

၃။ သညာကို အနိစ္စ, ဒုက္ခ,အနတ္တဟု ရှုသွားရင် မဂ်ဉာဏ် ပေါ်မယ်။

၄။ သင်္ခါရတွေကို အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုသွားရင် မဂ်ဉာဏ် ပေါ်မယ်။

၅။ ဝိညာဏ်ကို အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုသွားရင် မဂ်ဉာဏ် ပေါ်မယ်။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

ဧသော မဂ္ဂါ၊ဤသောတာပတ္တိမဂ်သည်။လောဘက္ခန္ဓာဒီနံ၊ လောဘစသော အစိုင်အခဲတို့ကို။ နိဗ္ဗိဇ္ဈနမေဝ၊ ဖောက်ထွင်းခြင်း ကိုသာလျှင်။ ကရောတိ၊ ပြုသည်ကား။ န၊ မဟုတ်သေး။ အပိ စ ခေါ၊ စင်စစ်သော်ကား။ အနမတဂ္ဂသံသာရဝဋ္ဋဒုက္ခသမုဒ္ဒံ၊ ပဌမဘာဝမှစ၍ ဖြစ်လတ္တံ့သော မသိအပ်သော အစရှိသော သံသရာဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာရေကို။ သောသေတိ၊ ခြောက်စေ၏။ သဗ္ဗအပါယဒွါရာနိ၊ အလုံးစုံသော အပါယ်တံခါးတို့ကို။

ပိဒဟာတိ၊ ပိတ်၏။ သတ္တန္နံ အရိယဓနာနံ၊ သဒ္ဓါသီလ စသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးတို့၏။ သမ္မုခီဘာဝံ၊ မျက်မှောက်ပြီးသည်၏ အဖြစ်ကို။ ကရောတိ၊ ပြု၏။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)၊

## သောတာပန်ပယ်သော ကိလေသာ

သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ နွားတို့၏ အလေ့အကျင့်ဖြင့် နိဗ္ဗာန်ရောက်နိုင်တယ်လို့ မှားယွင်းစွာယူထားသော သီလဗ္ဗတပရာမာသ။

**အဂတိ ၄-ပါး**

၁။ ဆန္ဒာဂတိ— ချစ်သဖြင့် မျက်နှာလိုက်၍ ပြောဆို ချီးမြှောက် ဆုံးဖြတ်ပေးကမ်းခြင်း။

၂။ ဒေါသာဂတိ – မုန်းသဖြင့် ဖိနှိပ်ပြောဆို နှိမ်ချဆုံးဖြတ်ခြင်း ပေးကမ်းခြင်း။

၃။ မောဟာဂတိ—တွေဝေသဖြင့် အမှန်ကို မသိဘဲ ထင်တိုင်း ပြောဆို နှိမ်ချ ဆုံးဖြတ်ပေးကမ်းခြင်း။

၄။ ဘယာဂတိ— ကြောက်သဖြင့် အခွင့်ပေး၍ ပြောဆို ချီးမြှောက် ဆုံးဖြတ် ပေးကမ်းခြင်း၊ ၎င်းတို့ကိုလည်း ပယ်၏။

## ကွာခြားချက်

ပုထုဇဉ်တို့၏ ငါးပါးသီလလုံပုံနှင့် သောတာပန်တို့၏ ငါးပါးသီလလုံပုံတို့မှာ များစွာ ကွာခြားချက်ရှိ၏။

သုဓမ္မဝတီ (က) ၁၀၉-၄

## ပုထုဇဉ်များ ငါးပါးသီလ လုံပုံက

၁။ သတ်ချင်စိတ်ရှိလျက် မတော်တတ်လို့ အောင့်ထားလို့ လုံနေတာ။

၂။ ခိုးချင်စိတ်ရှိလျက် မတော်တတ်လို့ အောင့်ထားလို့ လုံနေတာ။

၃။ သူ့အိမ်ရာပြစ်မှားလိုလျက် မတော်တတ်လို့ အောင့်ထားလို့ လုံနေတာ။

၄။ မုသားပြောချင်လျက် မတော်တတ်လို့ အောင့်ထားလို့ လုံနေတာ။

၅။ သေရည်အရက်သောက်လိုလျက် မတော်တတ်လို့ အောင့်ထားလို့ လုံနေတာ။

## သောတာပန်ရဲ့ ငါးပါးသီလ လုံပုံက

၁။ သတ်ချင်စိတ် မပေါ်လာတော့၍ မအောင့်ရတော့ဘဲ လုံသွားတာ။

၂။ ခိုးချင်စိတ် မပေါ်လာတော့၍ မအောင့်ရတော့ဘဲ လုံသွားတာ။

၃။ သူ့မယားကိုပြစ်မှားလိုစိတ် မပေါ်လာတော့၍ မအောင့်ရတော့ဘဲ လုံသွားတာ။

၄။ မုသားပြောချင်စိတ် မပေါ်လာတော့၍ မအောင့်ရတော့ဘဲ လုံသွားတာ။

၅။ သေရည်အရက် သောက်ချင်စိတ် မပေါ်လာတော့၍ မအောင့်ရတော့ဘဲ လုံသွားတာ။

(သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်)

## ပုထုဇဉ်ငါးပါးသီလထက် အရိယာ၏ ငါးပါးသီလက ဝိသေသန ၈-ချက် သာလွန်ပုံ

၁။ အက္ခဏ္ဍ—မပြတ်သော သီလ။
၂။ အဆိဒ္ဒ—မပေါက်သော သီလ။
၃။ အသဗလ—နွားပြောက်လို မပြောက်သော သီလ။
၄။ အကမ္မာသ—မကျားသော သီလ။
၅။ ဘုဇိဿ—ဖြူစင်သော သီလ။
၆။ ဝိညူပသတ္ထ—ဘုရားစသောပညာရှိတို့ချီးမွမ်းတဲ့သီလ။
၇။ အပရာမဋ္ဌ—တဏှာဒိဋ္ဌိတို့သည် မစွဲလမ်းသော သီလ။
၈။ သမာဓိသံဝတ္တနိက— ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ဖြစ်စေတတ်သော သီလ။

အဲဒီလို ပြတ်ခြင်း, ပေါက်ခြင်း စသည်တို့ မရှိဘဲ ဘုရားရှင်တို့ရဲ့ ချီးမွမ်းခြင်းကို ခံရလောက်အောင် အရိယာတို့ရဲ့ သီလက စင်ကြယ်တယ်၊ပုထုဇဉ်တို့ သီလကတော့ ခုတောင်းပြန် တော်တော်ကြာ ပေါက်သွားပြန်, ကျိုးသွားပြန်နဲ့ ဒေါက်ရှောက် မဖြူစင်နိုင်ဘူး၊ အဲဒီလို ကွာချားချက် ရှိကြောင်းကို ကျမ်းဂန်အတိုင်း သိကြပါလေ။

အရိယာ ဖြစ်သွားတယ်ဆိုရင် အောင့်မနေရတော့ဘဲ ဓမ္မတာအတိုင်း လွန်ကျူးချင်တဲ့ စိတ်ကို မပေါ်လာတော့ဘဲ ငါးပါးသီလ လုံသွားပုံ သက်သေကဆိုရင်—

ဓမ္မပဒ လာ ခုဇ္ဇုတ္တရာကို ကြည့်ပါ—

ခုဇ္ဇုတ္တရာ ကျွန်မဟာ သာမာဝတီ မိဖုယားကြီးရဲ့ ပန်းဝယ်ဘို့ ပေးလိုက်တဲ့ ငွေ (၈) ထဲက နေ့တိုင်း (၄) ဘိုး ခိုးယူပြီး (၄) ဘိုး

ကိုသာ ဝယ်ယူခဲ့ပါတယ်၊တနေ့တော့ ပန်းသည် သုမနက ခုဇ္ဇုတ္တရာကို ဒီနေ့ဟာ မြတ်စွာဘုရားကို ဆွမ်းဘုဉ်းပေး ပင့်ထားတယ်၊ တရားနာပြီးမှ ပြန်ပါလို့ တရားနာ ဘိတ်ထားတယ်၊ ဘုရားရှင်ကြွတော်မူလာပြီး ဆွမ်းကိစ္စပြီးလို့ တရားတော် ဟောကြားတော်မူတဲ့အခါ ခုဇ္ဇုတ္တရာ ကျွန်မဟာ တရားတော်ကို နာစဉ်မှာဘဲ သောတာပန် တည်တယ်၊ ဒီလို သောတာပန်တည်သွားတဲ့ အတွက် ခါတိုင်းခိုးနေကျဖြစ်တဲ့ ငွေ (၄)ကို မခိုးတော့ပေ၊ (၈) ဘိုးလုံး ပန်းဝယ်သွား၍ ပန်းတွေများတဲ့ အတွက် သာမာဝတီ မိဖုယားက မေးတဲ့အခါ ခါတိုင်းနေ့တွေက (၄) ဘိုးသာဝယ်၍ ငွေ (၄) ခိုးထားကြောင်း မုသား မသုံးတော့ဘဲ အမှန်အတိုင်း ပြောလိုက်ပေသည်၊ ယနေ့တော့ ဘာကြောင့် မခိုးသလဲလို့မေးတော့ မြတ်စွာဘုရား၏ တရားတော်ကို နာရတဲ့အတွက် (တရားထူး ရခဲ့သောကြောင့်) မခိုးတော့ပါဟု ဖြေ၏။

ကောက်နုတ်ချက်—ဒီ ခုဇ္ဇုတ္တရာ ဝတ္ထုဖြင့် အရိယာဖြစ်ရိုးမှန်ရင်—

၁။ ခိုးလိုစိတ် မပေါ်တော့၍ မခိုးတော့ခြင်း။

၂။ မုသားပြောလိုစိတ် မပေါ်တော့၍ မုသား မပြောတော့ခြင်း။

၃။ သာမာဝတီသည် သက်ဦးဆံပိုင်ဖြစ်သော်လည်း ခုဇ္ဇုတ္တရာဟာ မိမိ၏ အသက်ကို မငဲ့တော့ဘဲ အမှန်အတိုင်းပြော၍ အသက်ထက် အရိယာများဟာ ငါးပါးသီလကို မြတ်နိုးခြင်း။

၄။ အရိယာဖြစ်လျှင် မိမိကိုယ်တိုင်ပင် သောတာပန်ဖြစ်ပြီဟု သိခြင်းတို့ဟာ ဒီ ခုဇ္ဇုတ္တရာရဲ့ ဝတ္ထုကြောင်းဖြင့်

ကောင်းကင်မှာ နေ လ သွားတာ ထင်ရှားသလို ထင်ရှား လှလေသတည်း။

ယောဂီများ သံသယကင်းသည်ထက် ကင်းစေရန် နောက်တခု ပြပါဦးမည်။

"အနာဝတ္တိဓမ္မ သမ္ဗောဓိ ပရာယဏာ"

မြတ်စွာဘုရား နာတိကရွာ အုဋ်ဖြင့် ပြုအပ်သော ကျောင်းမှာ သီတင်း သုံးတော်မူတဲ့အခါ ညီတော် အာနန္ဒာက လျှောက်ထား ပါတယ်၊ ဘာလျှောက်သလဲ- မြတ်စွာဘုရား နာတိကရွာမှာ သာဠှ ဆိုတဲ့ ရဟန်းတော်တပါး စုတေပါ၏ ဒီရဟန်းရဲ့ အလားဟာ အဘယ်ပါနည်း တမလွန်ဘဝကား အဘယ်ပါနည်း၊ နန္ဒာဆိုတဲ့ ဘိက္ခုနီမဟာ စုတေ ပါတယ်၊ ဒီ ဘိက္ခုနီမရဲ့ အလားဟာ အဘယ် ပါနည်း တမလွန် ဘဝကား အဘယ်ပါနည်း၊ သုဒတ္တဆိုတဲ့ ဒါယကာဟာ စုတေပါတယ်၊ ဒီ ဒါယကာရဲ့ အလားဟာ အဘယ် ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း စသည်ဖြင့် လျှောက် ထားတော့ ဘုရားရှင်က ဖြေတော်မူတယ်။

အာနန္ဒာ သာဠှဆိုတဲ့ ရဟန်းတော်ကတော့ ရဟန္တာဖြစ်သွား တယ်၊ နန္ဒာ ဘိက္ခုနီကတော့ အနာဂါမ် တည်တယ်၊ သုဒတ္တ ဒါယကာ ကတော့ သကဒါဂါမ် တည်တယ်၊ ဤသို့ စသည် ဖြေကြားတော်မူပြီးတော့—

"ဓမ္မာဒါသ ဓမ္မပရိယာယ"

အာနန္ဒာ ဒီလိုလူတွေ သေကြတိုင်း ငါဘုရားကို လျှောက်ထား နေမယ်ဆိုရင် ငါဘုရား ပင်ပန်းတော်မူမယ်၊ ဒါကြောင့် မှန်ပြင် နှင့်တူသော တရားကို ဟောတော်မူခဲ့ပါတယ်။

## မှန်ပြင်နှင့်တူတဲ့တရားက

၁။ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ ဂုဏ်တော် (၉)ပါး။

၂။ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ ဂုဏ်တော် (၆)ပါး။

၃။ သံဃေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ ဂုဏ်တော် (၉)ပါး။

၄။ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ အခဏ္ဍေဟိ စသည်။

၁။ ဘုရားရှင်၏ ဂုဏ်တော် (၉)ပါးကို မတုန်လှုပ်သော ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း။

၂။ တရားတော်၏ ဂုဏ်တော် (၆)ပါးကို မတုန်လှုပ်သော ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း။

၃။ သံဃာတော်၏ ဂုဏ်တော် (၉)ပါးကို မတုန်လှုပ်သော ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း။

၄။ အရိယာတို့သည် နှစ်သက်အပ်သော မပြတ်ခြင်းစသော ဂုဏ်အင်္ဂါ (၈)ပါးနှင့် ပြည့်စုံသော ငါးပါးသီလနှင့် ပြည့်စုံခြင်း။

## သောတာပန်ပြောသော စကား

အယံ ခေါ သော အာနန္ဒ ဓမ္မာဒါသော ဓမ္မပရိယာယော ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ ခီဏနိရယောမှိ ခီဏတိရစ္ဆာနယောနိ ခီဏပေတ္တိဝိသယော ခီဏာပါယဒုဂ္ဂတိ

ဝိနိပါတော သောတာပန္နော ဟာသ္မိ အဝိနိပါတဓမ္မော
နိယတော သမ္ဗောဓိ ပရာယဏောတိ။

အာနန္ဒ၊ အာနန္ဒာ။ ယေနဓမ္မာဒါသေန၊ အကြင်ဓမ္မာဒါသ
နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ
သာဝကသည်။ အာကင်္ခမာနော၊ အလိုရှိသော။ အဟံ၊ ငါသည်။
ခီဏနိရယော၊ ကုန်ပြီးသော ငရဲရှိသည်။ အမှို၊ ဖြစ်၏။ ခီဏ
တိရစ္ဆာနယောနိ၊ ကုန်ပြီးသော တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်ရှိသည်။
အမှို၊ ဖြစ်၏။ ခီဏပေတ္တိဝိသယော၊ ကုန်ပြီးသော ပြိတ္တာတို့၏
ဖြစ်ရာရှိသည်။ အမှို၊ ဖြစ်၏။ ခီဏာပါယဒုဂ္ဂတိ ဝိနိပါတော၊
ကုန်ပြီးသော အပါယ်လေးပါးဟု ဆိုအပ်သော ဆင်းရဲ၏တည်ရာ
မကောင်းမှုကို ပြုတတ်သောသူတို့၏ ကျရာရှိသည်။ အမှို၊ ဖြစ်၏။
အဟံ၊ ငါသည်။ သောတာပန္နော၊ သောတာပန်သည်။ အသ္မိ၊
ဖြစ်၏။ နိယတော၊ မြဲသောအလားရှိသည်။ အသ္မိ၊ ဖြစ်၏။
သမ္ဗောဓိပရာယဏော၊ အထက်မဂ်သုံးခုလျှင် လည်းလျောင်းရာ
ရှိသည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။အတ္တနာဝ၊ မိမိသည်လျှင်။
အတ္တာနံ၊ မိမိကိုယ်ကို။ ဗျာကရေယျ၊ ကြားရာ၏။ (ပြောကြား
နိုင်ရာ၏) အာနန္ဒ၊ အာနန္ဒာ။ သောဓမ္မာဒါသော၊ ထိုမှန်ပြင်
နှင့်တူသော။ ဓမ္မပရိယာယော၊ ထိုတရားဒေသနာတော်
သည်။ အယံ ခေါ၊ ဤသည်ပင်တည်း။

ဤသို့ သောတာပန်ဖြစ်လျှင်မိမိကိုယ်တိုင်သိနိုင်သည်ဟု ဘုရား
ရှင် ဟောတော်မူသည်။

## အထင်မှားစရာတခု ရှိသည်

မဟာဝဂ္ဂသံယုတ်ပါဠိတော် သရဏာနိဝဂ် ဒုတိယ မဟာနာမ
သုတ်မှာ- အရိယာ မဟာနာမ်က ဘုရားရှင်ကို လျှောက်တယ်

တပည့်တော်ဟာ နိဂြောဓာရုံ ကျောင်းတော်ကနေပြီး ကပိလဝတ်မြို့ ပြန်တဲ့အခါ ပြေးသွားတဲ့ ဆင်, မြင်း, ရထား, လှည်း စသည်တို့နဲ့ ဆုံခိုက်မှာ ရတနာ ၃-ပါးကို အာရုံပြုတဲ့ သတိလွှတ်သွားပါတယ်၊ ဒီလို သတိလွှတ်ချိန်မှာ သေလျှင် တပည့်တော်ရဲ့ ဂတိဟာ ဘယ်လိုပါလဲဘုရားလို့ လျှောက်ပါတယ်၊ သူလျှောက်ပုံကို သေချာစွာ နားထောင်ပါ၊ ပြေးသွားနေတဲ့ ဆင်, မြင်း စသည်တို့နှင့် ဆုံတဲ့အခိုက်မှာ ရတနာ ၃-ပါးကို အာရုံပြုတဲ့ သတိလွှတ်ခိုက် ဒီအခိုက်ကလေးကိုသာ လျှောက်တာပါ၊ ဘယ်တော့မှ မသိဘူးလို့ လျှောက်တာ မဟုတ်ပါဘူး၊ ပြောခဲ့တဲ့ အခိုက်ကလေးဆိုတာကတော့ ဘုရားရှင်ရဲ့ အရာသာဖြစ်လို့ သူမသိနိုင်တာပါ။

အကယ်၍ အမှတ်တမဲ့ အရိယာဟာ မိမိရဲ့ လားရာဂတိကို ဘယ်တော့မှ မသိဘူးလို့ ယူလိုက်ရင် အတ္တနာဝ အတ္တာနံ ဗျာကရေယျဆိုတဲ့ ပြခဲ့တဲ့ ပါဠိတော်နဲ့ ဆန့်ကျင်ဘက်ကြီးဖြစ်ရုံမျှ မက ဘုရားရှင်ကို မဟုတ်မမှန် ကဲ့ရဲ့စွပ်စွဲရာ ရောက်မည်ကို သတိကြီးစွာ ပြုပါလေ၊ မဟာနာမ်ဟာ ဆင်,မြင်းနဲ့ ဆုံခိုက် ရတနာ ၃-ပါး အာရုံလွှတ်ခိုက်သာ မသိတာ၊ ကျန်တဲ့အချိန်တွေမှာ သိပါသည်ဟု ယူလိုက်မှ အတ္တနာဝ အတ္တာနံ ဗျာကရေယျ-ဟု ဟောတော်မူသော ပါဠိတော်နှင့် တသားတည်း ညီညွတ်၍ တရားတော်ကို ပိုမို၍ ကြည်ညိုသော သဒ္ဓါတရားတွေ တိုးတက်၍ အကျိုးများပေမည်.... များကြပါစေ....။

သောတာပတ္တိမဂ်ဉာဏ်က ပယ်တဲ့တရားများမှာ ငါးပါးသီလကို ကျူးလွန်လိုသော စိတ်ဖြင့် ဖျက်ဆီးခြင်း မိစ္ဆာဒိဋ္ဌိ အယူကို ယူခြင်းတည်းဟူသော ခြောက်ပါးသော တရားတို့ကို နိဗ္ဗာန်သို့

မရောက်မီအကြား မည်သည့်အခါမျှ မလား မကပ် မရောက် မဆိုက်တော့ပြီဟု ရတနသုတ်ပရိတ်၌ ဟောထား၏။

## မဖုံးတော့ပြီ

မသင့်လျော်သော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့ကို ပြုမိ ကြံမိသဖြင့် သူတပါးတို့က မေးမြန်းလာ ကဲ့ရဲ့လာခဲ့သော် ဂုဏ်ပျက်မည်ကို စိုးရိမ်၍ ဖုံးလွှမ်း၍ မထားတော့ပေ။

ဣဿာ—ကိုယ့်ထက်သာ မနာလိုခြင်း။

မစ္ဆရိယ—ကိုယ်လို ကြီးပွားမှာ မနာလိုခြင်း။

မက္ခ—သီလ,သမာဓိရှိသော သူတို့၏ဂုဏ်ကို ချေဖျက် ပြောဆိုခြင်း။

ပဠာသ—သီလစသော ဂုဏ်ရှိသောသူတို့နှင့် ဂုဏ်ပြိုင်ပြုလုပ်ခြင်း။

မာယာ—ကိုယ့်မှာရှိတဲ့ အပြစ်ကို မရှိဟန်ဆောင်ခြင်း။

သာဌေယျ—မရှိတဲ့ဂုဏ်ကို ရှိဟန်ဆောင်ခြင်း။

ထမ္ဘ—မိမိထက် သီလစသောဂုဏ်ရှိသူတို့ကို မညွတ်, မခ, တောင့်တင်း ခိုင်လှစွာသော အနေအထိုင်ရှိခြင်း။

သာရမ္ဘ—ချုတ်ချယ် ထိပါးတတ်ခြင်း စသော အပါယ်သို့ ရောက်ကြောင်း တရားတို့ကိုလည်း ပယ်၏။

**သတိ**—ရှေးက ဘယ်လိုပင် မသင့်ခဲ့ကြသော်လဲ ထိုသူ ၂-ဦး စလုံး အရိယာဖြစ်ကြလျှင် သင့်တင့်ညီညွတ် ခင်မင်ရင်းနှီးကြသည် ဥရဂဇာတ်- အရိယာဖြစ်သူ နှစ်ဦးတို့ မသင့်ဘူးဆိုရင်

မတွေ့ဘူးဆိုရင် ထိုဇာတ်တော်ကို သတိထားရှုထင်ရှားစွာ ပြင်ဆင်နိုင်သော သောတာပန်အသိဉာဏ်နှင့် ပြည့်စုံကြပါစေ။

### ၁၅—ဖိုလ်ဉာဏ်

မဂ်ဉာဏ်၏ နောက်မှာ ဒီဉာဏ်ရဲ့ အကျိုးဖြစ်တဲ့ ဖိုလ်ဉာဏ်ဖြစ်ပေါ်လာ၏၊ မင်းစည်းစိမ်ကို မင်းသာ ခံစားနိုင်သည်၊ နတ်၏စည်းစိမ်ကို နတ်သာ ခံစားနိုင်သည်၊ ဖိုလ်ချမ်းသာကို ဖလဋ္ဌာန်ပုဂ္ဂိုလ်သာ ခံစားနိုင်သည်။

### ၁၆—ပစ္စဝေက္ခဏာဉာဏ်

မဂ်, ဖိုလ်, နိဗ္ဗာန် ပယ်ပြီး ကိလေသာ ကျန်သေးသော ကိလေသာတို့ကို ဆင်ခြင်သော ဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်ဟုခေါ်သည်၊ ဤ ပစ္စဝေက္ခဏာဝီထိ ၅-မျိုးတွင် တမျိုးဖြစ်စေ၊ နှစ်မျိုးဖြစ်စေ ကောန်ဆင်ခြင်ရမည်။

#### သင်္ဂြိုဟ် ဘာသာဋီကာ

သောတာပတ္တိမဂ် ရပြီးနောက် ၅-ဝီထိ၊
သကဒါဂါမိမဂ် ရပြီးနောက် ၅-ဝီထိ၊
အနာဂါမိမဂ် ရပြီးနောက် ၅-ဝီထိ၊
အရဟတ္တမဂ် ရပြီးနောက် ၄-ဝီထိ၊
ကျန်ကိလေသာ ဆင်ခြင်တဲ့ တဝီထိ လျော့။
ပစ္စဝေက္ခဏာ ဝီထိပေါင်း ၁၉-ပါး ရနိုင်ပါသည်။

#### သောတာပန်မှ သကဒါဂါမ် ဖြစ်ရန်

ဒီခန္ဓာငါးပါးရဲ့ အနိစ္စ, ဒုက္ခ, အနတ္တ ရှုရမှာဘဲ၊ ဒီလိုရှုသွားရင် သကဒါဂါမ် ဖြစ်မည်။

### သကဒါဂါမိမှ အနာဂါမိ ဖြစ်ရန်

ဒီခန္ဓာငါးပါးရဲ့ အနိစ္စ, ဒုက္ခ, အနတ္တ ရှုရမှာဘဲ ဒီလိုရှုသွားရင် အနာဂါမိ ဖြစ်မည်။

### အနာဂါမိက ရဟန္တာ ဖြစ်ရန်လဲ

ဒီခန္ဓာငါးပါးရဲ့ အနိစ္စ, ဒုက္ခ, အနတ္တ ရှုရမှာဘဲ ဒီလိုရှုသွားရင် ရဟန္တာ ဖြစ်မည်။

ယခု ရေးခဲ့သော အစီအစဉ်သည် နိဗ္ဗာန်ကိုသွားဘို့ရာ ခရီးစဉ် ဖြစ်ပေသည်၊ ဒီ လမ်းစဉ်အတိုင်း သွားနိုင်ကြပါစေ။

### အားထုတ်မှု လုံ့လဝီရိယ ဘယ်လောက်ထားရမလဲ

(နိဒါနဝဂ္ဂသံယုတ် ပါဠိတော်)

န ယိဒံသိထိလ မာရဗ္ဘ၊ န ယိဒံ အပ္ပေန်ထာမသာ။
နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဒုက္ခပ္ပ မောစနံ။

ဘိက္ခဝေ၊ ချစ်သားတို့။ သဗ္ဗဒုက္ခပ္ပမောစနံ၊ ခပ်သိမ်းသော ဆင်းရဲမှ ကျွတ်လွတ်ရာဖြစ်သော။ ဣဒံ နိဗ္ဗာနံ၊ ဤ နိဗ္ဗာန်ကို။ သိထိလမာရဗ္ဘ၊ ရော့ရဲစွာအားထုတ်၍။ န အဓိဂန္တဗ္ဗံ၊ မသိနိုင် မရောက်နိုင်ပေ။ ဣဒံ နိဗ္ဗာနံ၊ ဤ နိဗ္ဗာန်ကို။ အပ္ပေနထာမသာ၊ အနည်းငယ်သော အစွမ်းဖြင့်။ န အဓိဂန္တဗ္ဗံ၊ မသိနိုင် မရောက်နိုင်ပေ။

နိဗ္ဗာန်ရောက်ရေးဆိုတာ တင်းတင်း ရင်းရင်း နောက်မဆုတ် တန်း အားထုတ်ရမယ်လို့ ဘုရားရှင်တိုက်ရိုက် ဟောကြားတော် မူတယ်၊ တကယ် အားထုတ်တဲ့ အတွက် တကယ် သံသရာမှ ထွက်သွားတဲ့ သာဓက ပြကြစို့လို့ ဆိုတော့—

## (အင်္ဂုတ္တရအဋ္ဌကထာ ကေကနိပါတ်)

## မိလက္ခတိဿ မထေရ် ဝတ္ထု

မိလက္ခတိဿမထေရ်ဆိုတာ ရောဟနဇနပုဒ်မှာ မုဆိုးအလုပ်နဲ့ အသက်မွေးနေတယ်၊ တနေ့တော့ အိမ်က မီးခြစ်ရယ် ဆားရယ် ယူလာပြီး တောထဲကို ရောက်တော့ မိနေတဲ့ သမင်ကို သတ်ပြီး မီးကျီးမှာ ကင်ပြီးစားလို့ ရေဆာဆာရှိတော့ မေဏ္ဍဝါလ ဆိုတဲ့ တောကျောင်းကို သွားပြီး ရေအိုးစင်မှာထားတဲ့ ရေအိုးဆယ်လုံးကို ကြည့်တော့ ရေမတွေ့တာဖြစ်လို့ ကျောင်းမှာနေတဲ့ရဟန်းတော်တွေကို ကဲ့ရဲ့နေတယ်၊ ဒီလောက်များတဲ့ ရဟန်းတော်တွေ နေကြတာတောင် ခရီးသွားများ သောက်ဘို့ရာ ရေကလေးတောင် ခပ်မထည့်ဘူးလို့ ကဲ့ရဲ့နေတယ်၊ ဒီ အကြောင်းကို စူဠပိဏ္ဍပါတိကတိဿ မထေရ်က ကြားတော့ ဒီမုဆိုးအနီးကပ်ပြီး ကြည့်တော့ ရေအိုးဆယ်လုံးဟာ ရေတွေပြည့်နေတာ မြင်တော့ ဒီပုဂ္ဂိုလ် အသက်ရှင်လျက် ပြိတ္တာဖြစ်နေတဲ့လူ ဖြစ်ရမယ်လို့ ကြံစီပြီး ဒါယကာ ရေဆာရင် ရေသောက်တော့လို့ဆိုပြီး ရေအိုးကို မ,ပြီး သူ့လက်ထဲကို သွန်လောင်းပေးတယ်၊ မုဆိုးရဲ့အကုသိုလ်ကံကို အစွဲပြုပြီး သောက်တိုင်း သောက်တိုင်းသော ရေများက ပူနေတဲ့ အိုးကင်းပေါ်မှာ ကျတဲ့ ရေပေါက်ဟာ ပျောက်သွားသလို ရေတွေဟာ သူ့ရဲ့ခံတွင်းထဲ ဝမ်းထဲကို မရောက်ဘဲ ခန်းခြောက်သွားတယ်၊ ရေအိုးဆယ်လုံးကုန်ပေမဲ့လဲ ရေဆာမပျောက်ဘူး၊ ဒီတော့ မထေရ်က ပြောတယ် ယခုကိုဘဲ ပြိတ္တာဖြစ်နေပြီ၊ ဒီ အကုသိုလ်ကံရဲ့ အကျိုးဆိုရင်တော့ ဘယ်လို ဖြစ်မယ်ဆိုတာ မသိတော့ဘူးလို့ ပြောလိုက်တယ်၊ ဒီမုဆိုးက ဒီစကားကိုကြားလိုက်တော့ ကြီးစွာ သံဝေဂရ ကြီးစွာထိတ်လန့်ပြီး မထေရ်ကို ရှိခိုးပြီး

ထိုဘိတွေ လေးမြှားစတဲ့ လက်နက်တွေကို ချိုးဖဲ့ဖျက်ဆီးပြီး သမင်တွေ ငှက်တွေကိုလဲ တောထဲလွှတ်ပြီး မထေရ်ထံကပ်ပြီး ရှင်ရဟန်းအဖြစ် တောင်းပန်တယ်၊ ဘာဖြစ်လို့ ရဟန်းဝတ်ချင်တာလဲလို့ မေးတော့ တပည့်တော်ရဲ့ အဖြစ်ကို တပည့်တော်အမြင်ဖြစ်နေပြီဘဲဘုရားတဲ့ ဝတ်တော့မှ ဖြစ်မှာပါဘုရားလို့ လျှောက်တော့ တစပဉ္စက ကမ္မဋ္ဌာန်းပေးပြီး ရှင်ရဟန်းပြုပေးလိုက်ပါတယ်၊ ဒီရဟန်းတော်က ဝတ်အကျင့်မှာ မွေ့လျော်တာဖြစ်လို့ ကိုယ်တော်များနဲ့ စာလိုက်တဲ့အခါ ဒေဝဒူတသုတ္တန်ကိုရောက်တဲ့အခါကျတော့ ဒါထဲမှာ ထိုပြင်းထန်စွာ ခံနေရတဲ့ ငရဲကောင်ကြီးကို ငရဲထိန်းကြီးတွေက မဟာအဝီစိငရဲကို နောက်တဖန် ပစ်ချပြန်ကုန်၏လို့ဆိုတဲ့နေရာရောက်လာတော့ ငရဲဟာ တယ်ဝန်လေးလှပါလား ဘုရားလို့ လျှောက်တော့ အေး-ဝန်လေးတယ်လို့ မိန့်တဲ့အခါ သူကလျှောက်တယ်၊ အရှင်ဘုရား ငရဲဟာ ကြည့်လို့ ရပမလားဘုရားလို့ လျှောက်တော့ ကြည့်လို့တော့ မရဘူးတဲ့ ဒါပေမဲ့ ကြည့်ဒါနဲ့ တူလောက်တဲ့ အကြောင်းတခုကို ငါပြမယ်လို့မိန့်ပြီး ဒီလိုဆိုရင် ကိုရင်တွေကို ခေါ်ပြီး သစ်သား အစိုတွေကိုခုတ်ပြီး အပုံခိုင်းလို့ မိန့်တော့ သစ်သားစိုတွေ ပုံပြီးတဲ့အခါ မထေရ်က တန်ခိုးနဲ့ မဟာအဝီစိငရဲက ပိုးစိမ်းဖြူလောက်ရှိတဲ့ မီးကလေးကိုယူပြီး မိလက္ခတိဿ မထေရ်ကြည့်နေတုန်း ထင်းစိုပုံထဲ ထည့်လိုက်တော့ ချလိုက်ခြင်း လောင်ကျွမ်းပြီး ပြာဖြစ်သွားတာကို မြင်တော့ အရှင်ဘုရား သာသနာတော်မှာ တာဝန် ဘယ်နှစ်မျိုး ရှိပါသလဲဘုရားလို့ လျှောက်တော့ ဝိပဿနာ အားထုတ်တဲ့ တာဝန်တမျိုး စာပေသင်ကြားတဲ့ တာဝန်တမျိုးရယ်လို့ နှစ်မျိုးရှိကြောင်း မိန့်တဲ့အခါ စာပေသင်ကြားမှု တာဝန်ကတော့ ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်များရဲ့ တာဝန်ဘဲဘုရား ဝိပဿနာဓုရကိုဘဲ ဖြည့်တော့မယ် အားထုတ်

တော့မယ် တပည့်တော်ကို ကမ္မဋ္ဌာန်း ပေးတော် မူပါဘုရားလို့ လျှောက်တော့ မထေရ်က ကမ္မဋ္ဌာန်း ပေးလိုက်တဲ့ အခါမှာ ကမ္မဋ္ဌာန်းကို အထူးကြိုးစားပြီး အားထုတ်ပါတယ်၊ တနေ့တော့ တရားအားထုတ်တုန်း ထိနမိဒ္ဓကြောင့် ငိုက်လာတဲ့အခါ ဝတ်ပျက် သွားမှာစိုးလို့ ကောက်ရိုးကို ကရွတ်ခွေပြီး ရေဆွတ်၍ ခေါင်းမှာ တင်ထားပြီး ခြေယောက်ကိုတော့ ရေထဲမှာချထားလျက် တရားကို အားထုတ်နေပါတယ်၊ ဒီလို အားထုတ် နေလိုက်တာ ညဥ့်ဦးယံ အလယ်ယံရောက်လို့ မိုးလင်းပိုင်း ရောက်လာတော့ အိပ်ချင် လာတဲ့အခါ ကောက်ရိုးကရွတ်ခွေကို ခေါင်းပေါ်မှာ တင်ထားပြီး ထိုင် အားထုတ်နေတုန်း သာမဏေလေးက အရုဏဝတီသုတ်ကို ရွတ်နေတယ်၊ ဘယ်လိုရွတ်ပါသလဲဆိုတော့—

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။

ဘိက္ခဝေ၊ ချစ်သားတို့။ တုမှေ၊ သင်တို့သည်။ ဗုဒ္ဓသာသနေ၊ ဘုရားရှင်သာသနာတော်၌။ အာရမ္ဘထ၊ သမထ ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးစား၍ အားထုတ်ကြပါကုန်လော။ နိက္ကမထ၊ ပျင်းရိခြင်း ကောသဇ္ဇတရားမှ ထွက်မြောက်အောင် အားထုတ်ကြပါကုန်လော။ ယုဉ္ဇထ၊ အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တန်း အားအစွမ်းဖြင့် တကယ်တန်း ကြိုးစား၍ အားထုတ်ကြပါကုန်လော။ ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ နဠာဂါရံ၊ ကျူဖြင့် ဆောက်ထားတဲ့ အိမ်ကို။ ဓုနာထ ဣဝ၊ ဖျက်ဆီး လေသကဲ့သို့။ တထာ၊ ထို့အတူ။ မစ္စုနော၊ သေမင်း၏။ သေနံ၊ ရာဂ, ဒေါသ, မောဟစသား စစ်သည်များကို။ ဓုနာထ၊ နိုင်အောင်ကောင်းစွာ စစ်ထိုးကြပါကုန်လော- ဖျက်ဆီးကြပါကုန်လော့။

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟိဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

ယော၊ အကြင်သူသည်။ ဣမသ္မိံဓမ္မဝိနယေ၊ အကြင် သုတ်, အဘိဓမ္မာ,ဝိနည်းဟုဆိုအပ်သော သာသနာတော်၌။ အပ္ပမတ္တော၊ မမေ့မလျော့ ကြိုးစားအားထုတ်လျက်။ ဝိဟိဿတိ၊ နေငြားအံ့။ ဇာတိသံသာရံ၊ ဇာတိဟုဆိုအပ်သော သံသရာကို။ ပဟာယ၊ ပယ်စွန့်၍။ ဒုက္ခဿန္တံ၊ ဒုက္ခ၏ဆုံးရာနိဗ္ဗာန်ကို။ ကရိဿတိ၊ မျက်မှောက်ပြုသောအားဖြင့် ပြုလတ္တံ့ပေတည်း။

ဒီစာပိုဒ်ကို သာမဏေကလေး ရွတ်အံတာကြားရတော့ သူ အားတက်လာတာက မြတ်စွာဘုရားသည် ငါလိုတရားကို အထူး ကြိုးစား အားထုတ်နေသော ရဟန်းကို ရည်ရွယ်တော်မူပြီးတော့ ဒီဒေသနာတော်ကို ဟောတာဖြစ်ရမယ်လို့ နှစ်သက်ခြင်းပီတိကို ဖြစ်စေပြီးတော့ ဈာန်ကိုဖြစ်စေလျက် ဒီဈာန်ကို အခြေပြုပြီး ဝိပဿနာ အားထုတ်လိုက်တော့ အနာဂါမ်ဖြစ်တော်မူပြီး ပရိ နိဗ္ဗာန်ပြုတော်မူတဲ့အခါ ဒီအကြောင်းကို ဟောတော်မူလို၍—

အလ္လံ ပလာလပုဉ္ဇာဟံ၊ သီသေနာဒါယစင်္ကမိံ။
ပတ္တောသ္မိ တတိယဋ္ဌာနံ၊ ဧတ္ထ မေ နတ္ထိ သံသယော။

အဟံ၊ ငါသည်။ အလ္လံ၊ စိုစွတ်သော။ ပလာလပုဉ္ဇံ၊ ကောက်ရိုး ကရွတ်ခွေပုံကို။ သီသေန၊ ဦးခေါင်းဖြင့်။ အာဒါယ၊ ယူ၍။ စင်္ကမိံ၊ စင်္ကြံသွားခဲ့ပါပြီ။ တတိယဋ္ဌာနံ၊ သုံးခုမြောက်သော အနာဂါမိမဂ်ဖိုလ်ဌာနသို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဧတ္ထ၊ ဤမဂ်ဖိုလ်တရား၌။ မေ၊ ငါ့အား။ သံသယော၊ သံသယ သည်။ နတ္ထိ၊ မရှိတော့ပါလေ။

ဥပမာ–မျိုးစေ့စိုက်ထားမှ အပင်ပေါက်မှာလို သမထ, ဝိပဿနာ မျိုးစေ့ရှိမှ မဂ်ပင် ဖိုလ်ပင် ပေါက်မည်။

(အပဒါန်ပါဠိတော်)

**သောပါကမထေရ်**

သိဒ္ဓတ္ထ ဘုရားရှင် လက်ထက်တော်က သောပါက မထေရ်ရဲ့ အလောင်းဟာ တောင်လိုဏ်ဂူတခုကို သုတ်သင် ရှင်းလင်းနေတဲ့ အခါ သိဒ္ဓတ္ထဘုရားရှင် ကြွတော်မူလာတယ်၊ ကြွတော်မူလာတဲ့ ဘုရားရှင်ကို ပန်းအခင်း လှူဒါန်းလိုက်ပါတယ်၊ ဘုရားရှင်က ပန်း နေရာတော်မှာ နေပြီး သူ့ရဲ့ဂတိကို သိတော်မူလို့ အနိစ္စတရား ဒေသနာတော်ကို ဟောတော်မူပါတယ်။

သင်္ခါရဆိုတဲ့ ခန္ဓာငါးပါးတွေဟာ စင်စစ်ကိုဘဲ မမြဲကြတဲ့တရား တွေဘဲ ဖြစ်ခြင်းပျက်ခြင်းသဘောရှိကြတယ်၊ ဖြစ်ပြီးတော့ ချုပ်ကြ ကုန်တယ်၊ ဒီသင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဟာ ချမ်းသာအစစ်ပေတည်းလို့ ဟောတော်မူလိုက်တော့ သူ နှဂိုကယူ ထားတဲ့နိစ္စအယူကိုစွန့်ပြီး အနိစ္စာနုပဿနာကို တရက်မျှ အားထုတ် ရပြီး သေလွန်သွားပါတယ်၊နောက် လူ့ ချမ်းသာ နတ်ချမ်းသာတို့ ကို ခံစားရပြီးတော့ နောက်ဆုံးဘဝမှာ ဒုန်းစဏ္ဍားမျိုးမှာ ဖြစ်ရပါ တယ်၊ ဖြစ်ပုံက သာဝတ္ထိပြည်မှာ ဆင်းရဲတဲ့ အမျိုးမှာဖြစ်ပါတယ်၊ သူ့ရဲ့မိခင်ဟာ ကိုယ်ဝန်ရင့်မာလာလို့ဖွားချိန်ရောက်တော့ မဖွားနိုင် ဘဲ အကြိမ်များစွာမေ့မျောပြီး အသေကောင်လို ဖြစ်နေတဲ့အတွက် ဆွေမျိုးတွေကလဲ သေပြီတင်လို့ သုသာန်ကိုယူသွားပြီး ထင်းပုံ ပေါ်ကို တင်တဲ့အခါ နတ်တို့၏ အာနုဘော်အားဖြင့် လေတွေ တိုက်လာပြီး မီးမရှို့နိုင်ဘဲ ပြန်သွားကြတယ်၊ ပစ္ဆိမ ဘဝိကသား

ဖြစ်တဲ့အတွက် နတ်တို့ရဲ့ အာနုဘော်ကြောင့်ဘဲ ကောင်းမှုနှစ်ခု ဖွားမြင်လာရပါတယ်၊ မိခင်ကတော့ သေရှာပါသည်၊ နတ်တို့က လူယောင်ဖန်ဆင်းပြီး ဒီခလေးကို သုသာန်စောင့်တို့ အိမ်ကိုယူပြီး ကျွေးမွေးနေတယ်၊ နောက် သုသာန်စောင့်က သားအဖြစ်မွေးလို့ ကြီးလာရတယ်၊ ဒါကြောင့် သောပါကလို့ ခေါ်တယ်၊ နောက် (၇)နှစ်သားရှိတော့ ဘုရားရှင် ဉာဏ်တော်တွင် ထင်တဲ့အတွက် သုသာန်ကို ကြွတော်မူလာတယ်၊ ကလေးဟာ ရှေးအကြောင်းကြောင့် ကြည်ညိုတာဖြစ်လို့ ဘုရားရှင်ကို ရှိခိုးတယ်၊ ဘုရားရှင်က တရားဟောတော်မူတဲ့ အခါ ရှင်အဖြစ် တောင်းတော့ သင့်ဘခင်က ခွင့်ပြုရဲ့လားလို့ မိန့်တော်မူတော့ ဘခင်ကလဲ ခွင့်ပြုကြောင်း လျှောက်ထားတဲ့အတွက် သာမဏေ ပြုပေးတော်မူပြီး မေတ္တာဘာဝနာ အပွားခိုင်းတော်မူတယ်၊ မကြာခင်မှာဘဲ မေတ္တာဈာန်ကို အခြေပြုပြီး ခန္ဓာရဲ့ အနိစ္စလက္ခဏာကို ပိုင်ပိုင်ရှုတဲ့အခါ ရဟန္တာ ဖြစ်တော်မူတယ်။

ဒီ အကြောင်းကို သိစေရန် အိမ်မှထွက်၍ ရဟန်းပြုပြီးတော့ (၇)နှစ်သားနဲ့ ရဟန္တာ ဖြစ်တော်မူတယ်၊ ဒီကမ္ဘာမှ ပြန်ရေတွက်လျှင် (၉၄) ကမ္ဘာထက်က ပန်းအခင်းလှူခြင်း အနိစ္စတရားကို နာခဲ့ခြင်း, ခန္ဓာအနိစ္စကို ရှုခဲ့ခြင်း ကောင်းမှုကို ပြုခဲ့တယ်၊ ဒါ့ကြောင့် အပါယ်လေးပါးကို တခါမှ မကျခဲ့ဘူးပြီ၊ ဒါဟာ ပန်းလှူခြင်းရဲ့အကျိုးဘဲ ဒီကမ္ဘာက ပြန်ရေတွက်ရင် (၉၄) ကမ္ဘာထက်က ခန္ဓာရဲ့ အနိစ္စလက္ခဏာကို ပွားများ အားထုတ်ခဲ့ရပါတယ်၊ ဒီလို အနိစ္စသညာကို အနိစ္စဟု အားထုတ်ခဲ့ရခြင်းကြောင့် ငါသည် အာသဝေါတရား ကုန်ခြင်းသို့ ရောက်ပြီလို့ သူကိုယ်တိုင် ဟောကြားတော်မူခဲ့ပါသည်။

ဒါဟာ (၉၄) ကမ္ဘာတုန်းက အနိစ္စာနုပဿနာ မျိုးစေ့ စိုက်ခဲ့ဘူးတဲ့အတွက် ယခု ဘုရားသာသနာမှာ မင်္ဂဖိုလ် အပင် ပေါက်၍ သံသရာမှ ထွက်မြောက်ပုံ ဝတ္ထုပေတည်း၊ ဤသက်သေ တွေကို နည်းမှီးကြည်ညို၍ ယုံကြည်လျက် သင်တို့ ငါတို့ဟာလဲ ဒီသာသနာတော်မှာ လက်မလွှတ်တန်း ဒါန, သီလမှာ တင်းတိမ် မနေဘဲ သမထ,ဝိပဿနာသို့ အရောက်လှမ်း၍ ကြိုးပမ်းအားထုတ် မျိုးစေ့ မြုပ်နိုင်ကြပါစေ။

ပြခဲ့တဲ့ ခန္ဓာငါးပါးကို အနိစ္စလို့ရှုသွားရင်မဂ်,ဖိုလ်ရောက်မည်ဟု ဟောတော်မူတဲ့ ပါဠိတော်ကို အရကျက်မှတ်၍ထားကြပါ၊ ဒီလို ဝိပဿနာရှုနည်း စည်းကမ်းဖြစ်တဲ့ ပါဠိတော်တွေရှိနေပါရဲ့သားနဲ့ မသိကြဘူးဆိုရင် ဝိပဿနာဟာ ဘယ်လိုရှုရမှာလဲ ဟိုလိုရှုရမှာ လား ဒီလို ရှုရမှာလား စသည်ဖြင့် ယုံမှားသံသယတွေနဲ့ မဆုံး ဖြတ်နိုင်ဘဲ အချိန်မကုန်ကြစေရန် ရည်ရွယ်၍ ၎င်းပါဠိတော် ပါဠိတော်၏ အနက်ကို ကျက်မှတ်၍ ရွတ်ဘတ် ကြည်ညိုနိုင်ကြ ပါစေရန် ရေးသားလိုက်ပေဦးအံ့။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

နန္ဒိက္ခယသုတ္တန်

အနိစ္စညေဝ ဘိက္ခဝေ ဘိက္ခု ရူပံ အနိစ္စန္တိ ပဿတိ သာဿဟောတိ သမ္မာဒိဋ္ဌိ၊ သမ္မာ ပဿံ နိဗ္ဗိန္ဒတိ နန္ဒိက္ခယာ ရာဂက္ခယော ရာဂက္ခယာ နန္ဒိက္ခယော နန္ဒိရာဂက္ခယာ စိတ္တံ ဝိမုတ္တံ သုဝိမုတ္တန္တိ ဝုစ္စတိ။

အနိစ္စညေဝ ဘိက္ခဝေ ဘိက္ခု ဝေဒနံ အနိစ္စန္တိ ပဿတိ သာဿ ဟောတိ သမ္မာဒိဋ္ဌိ၊ သမ္မာ ပဿံ နိဗ္ဗိန္ဒတိ နန္ဒိက္ခယာ

ရာဂက္ခယော ရာဂက္ခယာ နန္ဒိက္ခယော နန္ဒိရာဂက္ခယာ စိတ္တံ ဝိမုတ္တံ သုဝိမုတ္တန္တိ ဝုစ္စတိ။

အနိစ္စညေဝ ဘိက္ခဝေ ဘိက္ခု သညံ အနိစ္စန္တိ ပဿတိ သာဿဟောတိ သမ္မာဒိဋ္ဌိ၊ သမ္မာ ပဿံ နိဗ္ဗိန္ဒတိ နန္ဒိက္ခယာ ရာဂက္ခယော ရာဂက္ခယာ နန္ဒိက္ခယော နန္ဒိရာဂက္ခယာ စိတ္တံ ဝိမုတ္တံ သုဝိမုတ္တန္တိ ဝုစ္စတိ။

အနိစ္စေယေဝ ဘိက္ခဝေ ဘိက္ခု သင်္ခါရေ အနိစ္စာတိ ပဿတိ သာဿဟောတိ သမ္မာဒိဋ္ဌိ၊ သမ္မာ ပဿံ နိဗ္ဗိန္ဒတိ နန္ဒိက္ခယာ ရာဂက္ခယော ရာဂက္ခယာ နန္ဒိက္ခယော နန္ဒိရာဂက္ခယာ စိတ္တံ ဝိမုတ္တံ သုဝိမုတ္တန္တိ ဝုစ္စတိ။

အနိစ္စညေဝ ဘိက္ခဝေ ဘိက္ခု ဝိညာဏံ အနိစ္စန္တိ ပဿတိ သာဿဟောတိ သမ္မာဒိဋ္ဌိ၊ သမ္မာ ပဿံ နိဗ္ဗိန္ဒတိ နန္ဒိက္ခယာ ရာဂက္ခယော ရာဂက္ခယာ နန္ဒိက္ခယော နန္ဒိရာဂက္ခယာ စိတ္တံ ဝိမုတ္တံ သုဝိမုတ္တန္တိ ဝုစ္စတီတိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ဘိက္ခု၊ ရဟန်းသည်။ အနိစ္စညေဝ၊ မမြဲသည်သာလျှင်ဖြစ်သော။ ရူပံ၊ ရုပ်ကို။ အနိစ္စန္တိ၊ အမြဲမရှိဟူ၍။ ပဿတိ၊ ရှုအံ့။ အဿ၊ ထိုရဟန်း၏။ သာ၊ ထိုအနိစ္စဟုရှုခြင်းသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ (မှန်ကန်သောသိခြင်း)သည်။ ဟောတိ၊ ဖြစ်၏။ သမ္မာ၊ ဟုတ်မှန်သောအားဖြင့်။ ပဿံ၊ ရှုသည်ရှိသော်။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နန္ဒိက္ခယာ၊ နန္ဒီ၏ကုန်ခန်းခြင်းကြောင့်။ ရာဂက္ခယော၊ ရာဂ၏ကုန်ခန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ရာဂက္ခယာ၊ ရာဂ၏ကုန်ခန်းခြင်းကြောင့်။ နန္ဒိက္ခယော၊ နန္ဒီ၏ကုန်ခန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ နန္ဒိရာဂက္ခယာ၊ နန္ဒီ

ရာဂမည်သော တဏှာ၏ကုန်ခန်းခြင်းကြောင့်။ စိတ္တံ၊ စိတ်သည်။ ဝိမုတ္တံ၊ကိလေသာတို့မှ လွတ်ပြီ။သုဝိမုတ္တန္တိ၊ ကောင်းစွာကိလေသာ တို့မှ လွတ်ပြီဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

ဝေဒနာက္ခန္ဓာ အတွက်က ရုပ်ခံနေရာမှာ ဝေဒနံဟု ထည့်၍ ဆိုရိုးသာထုံးသည်။

သညာက္ခန္ဓာ အတွက်က သညံဟု ထည့်၍ဆိုရိုးသာထုံးသည်။

သင်္ခါရက္ခန္ဓာ အတွက်က သင်္ခါရေဟု ထည့်၍ဆိုရိုးသာထုံးသည်။

ဝိညာဏက္ခန္ဓာအတွက်ကဝိညာဏံဟုထည့်၍ဆိုရိုးသာထုံးသည်။

ဤပါဠိတော်အရ စည်းကမ်းအတိုင်း—

ခက်မာ, ဖွဲ့စေး, ပူအေး, ထောက်ကန် ဟူသော ပရမတ်ရုပ်ကိုလည်း အနိစ္စဟု ရှုရမည်။

သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဟူသော ဝေဒနာ (၃)ပါးကိုလည်း အနိစ္စဟု ရှုရမည်။

မှတ်သားမှု သညာကိုလဲ အနိစ္စဟု ရှုရမည်။

တိုက်တွန်းစိတ်ဖြစ်တဲ့ သင်္ခါရတွေကိုလဲ အနိစ္စဟု ရှုရမည်။

မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ကိုယ်ထိစိတ် တွေးကြံစိတ် ဟူသော ဝိညာဏ်ကိုလဲ အနိစ္စဟု ရှုရမည်။

(သဠာယတနဝဂ္ဂ သံယုတ္တပါဠိ)

**အဝိဇ္ဇာပဟာန သုတ္တ**

ကထံ နု ခေါ ဘန္တေ ဇာနတော ကထံ ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတီတိ၊ စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ရူပေ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ စက္ခုသမ္ဖဿံ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ တမ္ပိ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ သောတံ ဃာနံ ဇိဝှံ ကာယံ မနံ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။ဓမ္မေ မနောဝိညာဏံ မနောသမ္ဖဿံ ယမ္ပိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ တမ္ပိ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ ဧဝံ ခေါ ဘိက္ခု ဇာနတော ဧဝံ ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ဘန္တေ၊ မြတ်စွာဘုရား။ ကထံ၊ အဘယ်သို့လျှင်။ ဇာနတော၊ သိသောသူအား။ ကထံ၊ အဘယ်သို့လျှင်။ ပဿတော၊ ရှုမြင်သောသူအား။ အဝိဇ္ဇာ၊ သစ္စာလေးပါးတို့၌ မသိခြင်း အဝိဇ္ဇာကို။ ပဟီယတိနုခေါ၊ ပယ်အပ်သနည်း။ ဝိဇ္ဇာ၊ အရဟတ္တ မဂ္ဂဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိနုခေါတိ၊ ဖြစ်ပါသနည်းဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထား၏။

ဘိက္ခု၊ ရဟန်း။ စက္ခုံ၊ စက္ခုပသာဒကို။ အနိစ္စတော၊ မမြဲဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ ရှုမြင်သောသူအား။ အဝိဇ္ဇာ၊ သစ္စာ ၄-ပါးတို့၌ မသိခြင်း အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်အပ်၏။ ဝိဇ္ဇာ၊ အရဟတ္တမဂ္ဂဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊

ဖြစ်၏။ ရူပေ၊ ရူပါရုံတို့ကို။ အနိစ္စတော၊ မမြဲဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ ရှုမြင်သောသူအား။ အဝိဇ္ဇာ၊ သစ္စာလေးပါးတို့၌ မသိခြင်း အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်အပ်၏။ ဝိဇ္ဇာ၊ အရဟတ္တမဂ္ဂဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စက္ခုဝိညာဏံ၊ မြင်စိတ်ကို။ အနိစ္စတော၊ မမြဲဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ ရှုမြင်သောသူအား။ အဝိဇ္ဇာ၊ သစ္စာလေးပါးတို့၌ မသိခြင်း အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်အပ်၏။ ဝိဇ္ဇာ၊ အရဟတ္တမဂ္ဂဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စက္ခုသမ္ဖဿံ၊ စက္ခုသမ္ဖဿကို။ အနိစ္စတော၊ မမြဲဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ ရှုမြင်သော သူအား။ အဝိဇ္ဇာ၊ သစ္စာလေးပါးတို့၌ မသိခြင်း အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်အပ်၏။ ဝိဇ္ဇာ၊ အရဟတ္တမဂ္ဂဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

စက္ခုသမ္ဖဿ ပစ္စယာ၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့်။ ဝေဒယိတံ၊ ခံစားအပ်သော။ ယမ္ပိဒံသုခံ ဝါ၊ အကြင်သုခဝေဒနာသည်၎င်း။ ယမ္ပိဒံဒုက္ခံ ဝါ၊ အကြင် ဒုက္ခဝေဒနာသည် ၎င်း။ ယမ္ပိဒံ အဒုက္ခ မသုခံ ဝါ၊ အကြင် ဥပေက္ခာဝေဒနာသည် ၎င်း။ အတ္ထိ၊ ရှိ၏။ တမ္ပိ၊ ထိုသုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကိုလည်း။ အနိစ္စတော၊ မမြဲဟူ၍။ ဇာနတော၊ သိသော သူအား။ ပဿတော၊ ရှုမြင်သောသူအား။ အဝိဇ္ဇာ၊ သစ္စာလေးပါးဟို့၌ မသိခြင်း အပိဇ္ဇာကို။ ပဟီယတိ၊ ပယ်အပ်၏။ ဝိဇ္ဇာ၊ အရဟတ္တမဂ္ဂဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

နား—အသံ-ကြားစိတ်-ဖဿဝေဒနာ။

နှာခေါင်း—အနံ့-နံစိတ်-ဖဿဝေဒနာ။

လျှာ—စားစရာ-စားစိတ်-ဖဿဝေဒနာ။

ကိုယ် – ထိတွေ့စရာ-ကိုယ်သိစိတ်-ဖဿဝေဒနာ။
မနော – ဓမ္မာရုံ-တွေးကြံစိတ်-ဖဿဝေဒနာ။

ဤတရားတို့ကို မမြဲဟု သိသောသူ ရှုမြင်သောသူအား အဝိဇ္ဇာ သေ၍ ဝိဇ္ဇာဉာဏ်ဖြစ်သည်ဟု ဘုရားရှင် ဟောတော်မူသည်။

(အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ ပါဠိ)

## သောတာနုဂတသုတ္တန်

တဿ တေဓမ္မာ သောတာနုဂတာ ဟောန္တိ ဝစသာ ပရိစိတာ မနသာ နုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ၊ သော မုဋ္ဌဿတိ ကာလံ ကုရုမာနော အညတရံ ဒေဝနိကာယံ ဥပပဇ္ဇတိ၊ တဿတတ္ထ သုခိနော ဓမ္မပဒါ ပ္လဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ အထ သော သတ္တော ခိပ္ပံယေဝ ဝိသေသ ဂါမီ ဟောတိ။

တဿ၊ ထိုရဟန်းအား။ တေဓမ္မာ၊ အင်္ဂါကိုးတန် ဟူသော ထိုတရားတို့သည်။ သောတာနုဂတာ၊ နားသို့ အစဉ်လျောက်ကုန် သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝစသာ၊ နှုတ်ဖြင့်။ ပရိစိတာ၊ လေ့လာအပ်ကုန်သည်။ မနသာ၊ စိတ်ဖြင့်။ အနုပေက္ခိတာ၊ ရှုအပ် ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သော စ၊ ထိုပုထုဇဉ်ဖြစ်သော ရဟန်းသည်။ ဒိဋ္ဌိယာ၊ ပညာဖြင့်။ သုပ္ပဋိဝိဒ္ဓါ၊ ကောင်းစွာထိုး ထွင်းအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သော၊ ထိုပုထုဇဉ် ဖြစ်သောရဟန်းသည်။ မုဋ္ဌဿတိ၊ မြတ်စွာဘုရား၏ စကားတော် ကို လွတ်သောသတိရှိသည်ဖြစ်၍။ ကာလံ၊ သေခြင်းကို။ ကုရုမာ နော၊ ပြုသည်ရှိသော်။ အညတရံ၊ တပါးပါးသော။ ဒေဝနိကာယံ၊ နတ်ဘုံ၌။ ဥပပဇ္ဇတိ၊ ဖြစ်၏။ တတ္ထ၊ ထိုနတ်ဘုံ၌။ သုခိနော၊ ချမ်းသာ

ခြင်းရှိသော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဓမ္မပဒါ၊ လေ့လာအပ်သော တရားအစုတို့သည်။ ပ္လဝန္တိ၊ ကြည်လင်သောမှန်အပြင်၌ အရိပ်ပေါ်လာကုန်သကဲ့သို့ ထိုလူ့ပြည်က လေ့လာအားထုတ်ခဲ့သော တရားတို့သည် ထင်ရှားစွာပေါ်လာကြကုန်၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သတုပ္ပါဒေါ၊ လူ့ပြည်က အားထုတ်ခဲ့သော တရားတို့ကို အောက်မေ့သော သတိဖြစ်ခြင်းသည်။ ဒန္ဓော၊ နုံ့နှေးသေး၏။ အထ၊ ထိုအခါ၌။ သောသတ္တော၊ ထိုသတ္တဝါသည်။ ခိပ္ပမေဝ၊ တရားတော်ကို သတိရလျှင်ရခြင်း လျင်မြန်စွာသာလျှင်။ ဝိသေသဂါမီ၊ နိဗ္ဗာန်ဟု ဆိုအပ်သော တရားအထူးသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပါယ် အကျဉ်း

တရားတော်ကို—

၁။ နားနှင့် နာခြင်း။

၂။ နှုတ်ဖြင့် ရွတ်ခြင်း။

၃။ စိတ်ဖြင့် ရှုခြင်း။

၄။ ပညာဖြင့် ထိုးထွင်း၍ သိခြင်း။

ဤအကြောင်းလေးပါးကိုသာ အားထုတ်ထားရင် အကျိုးလေးပါးရမှာ သေချာပါသည်။

## အကျိုးလေးပါးက

၁။ တရားကိုသတိမေ့လျက် သေသည်ရှိသော် တခုခုသော နတ်ပြည်၌ဖြစ်၍ လူ့ပြည်ကလေ့လာခဲ့တဲ့ တရားတွေဟာ မှန်ထဲမှာ အရိပ်ပေါ်သလို ထင်ရှားစွာ ပေါ်လာကြမယ်၊ ဒီလိုတရား

တော်တွေကို သတိရတာက နှေးသေးတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရတာ က မြန်တယ်။

၂။ နတ်ပြည်ရောက်သောအခါ မိမိကိုယ်တိုင် သတိမရတော့ တန်ခိုးကြီးတဲ့ ရဟန်းတော်က တရားလာဟောတော့မှ ငါဟာ ရှေးက မြတ်တဲ့အကျင့်ကို ကျင့်ခဲ့ပါကလားလို့ သတိရတယ်၊ ဒီလို တရားကို သတိရတာက နောက်ကျတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရတာက မြန်တယ်။

၃။ နတ်ပြည်ရောက်တော့ ကိုယ်တိုင်သတိမရ တန်ခိုးကြီး သော ရဟန်းတော်ကလဲ တရားမဟော ဓမ္မကထိကနတ်သားက တရားဟောတော့မှ ငါဟာ ရှေးတုန်းက မြတ်တဲ့အကျင့်ကို ကျင့်ခဲ့ ပါကလားလို့ သတိရတယ်၊ ဒီလိုတရားကို သတိရတာက နောက် ကျတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရတာက မြန်တယ်။

၄။ နတ်ပြည်ရောက်တော့ ကိုယ်တိုင်လဲ သတိမရ၊ ရဟန်း တော်ကလဲ မဟော၊ ဓမ္မကထိကနတ်သားကလဲ မဟော၊ ရှေးအရင် ရောက် နတ်က နောက်ရောက်လာသောနတ်ကို သူငယ်ချင်း ငါတို့ ဟာ ရှေးဘဝက သာသနာတော်၌ မြတ်သောအကျင့်ကို ကျင့်ခဲ့ တယ် မဟုတ်ပါလားလို့ သတိပေးလိုက်တော့မှ တရားတော်တွေ ကို သတိရတယ်၊ ဒီလို သတိရတာက နောက်ကျတယ်၊ မဂ်ဖိုလ် နိဗ္ဗာန်ရတာက မြန်တယ်။

ဒီလို ဒေသနာတော်တွေကို ကြည့်ညိုလိုက်ရတဲ့အခါကျတော့ အော်- ငါတို့ဟာ သံသရာမှလွတ်ဖို့ အလွန်နီးကပ်နေပါပြီလား၊ သာသနာတော်ကြီးနဲ့ ကြုံတာဟာ တယ်ကျေးဇူးများပါကလား

သုမင်္ဂလဝိလာသိနီ (က) ၁၀၉–၆

လို့ သိပြီးတော့ သည်အကျိုးတွေ လက်လွတ် မသွားရအောင် ကျန်းကျန်းမာမာကလေးရှိတုန်းမှာ ကြိုးစား၍ အားထုတ်နိုင်ကြပါစေ။

## တိုက်တွန်းချက်

မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာဟာ မဖြစ်နိုင်အောင် မခက်သော်လဲ ပြောသလောက်လဲ မလွယ်ကူတဲ့ လောကုတ္တရာတရားများဖြစ်ခြင်းကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ထက် မဂ်ဖိုလ်ကို ရောက်ခြင်းရဲ့ အကြောင်းရင်းဖြစ်တဲ့ ဝိပဿနာခန္ဓာ အနိစ္စကို မြင်အောင်သာ ကြိုးစား၍ အားကျတ်ကြပါလေ။

## လယ်တီဆရာတော် ပဋိစ္စသမုပ္ပါဒ်ဒီပနီ

မာမူနှင့် ဦးခေါင်းကို တခုတည်းထင်မြင်၍ နေခဲ့လျှင် ပဋိသန္ဓေ အခါက ဖြစ်ခဲ့သော ဦးခေါင်းသည် အနှစ်ရှစ်ဆယ် ကိုးဆယ်ရှိ၍ သေမှ ပျက်ဆုံးသည်ကို မြင်နိုင်တော့သည်၊ သေမှ ပျက်ဆုံးသော မရဏာမမ္မ အနိစ္စမမ္မကိုမူကား- တရှင်, ကုလား, ကချင်, ချင်းတို့ လည်း သိကြ မြင်ကြ ကုန်သည်သာတည်း၊ ထိုသို့ သိသောအမှု မြင်သောအမှုကို ဉာဏ် မဆိုရ၊ ဝိပဿနာဉာဏ်မှုမဟုတ် မိမိကိုယ် သဏ္ဌာန်၌ ခဏမစဲ တဖြုန်းဖြုန်းဆိုက်ရောက်၍နေသော မြေဓာတ်၏ မရဏာမမ္မ အနိစ္စမမ္မတို့ကို ရှုတတ် မြင်တတ်မှသာ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် အစစ် ဖြစ်သတည်း၊ ပညာရှိသော သူတို့ မြင်ဘွယ် သိဘွယ် ရိပ်မိဘွယ် ကောင်းလှ၏၊ ပညာနည်းသောသူတို့ကား ကျွပါးစောင်းတီးသာ ဖြစ်ကုန်လတ္တံ့။

**သဏ္ဌာန်ကား**—တသက်လုံး အသစ် အဟောင်း ပြောင်းသည် လည်းမရှိ၊ သေပြီးနောက် အလောင်းကောင် ဖြစ်သည်တိုင်အောင်

ရှိ၏၊ မာမှု စသော အဟုတ်ရှိသော ဓာတ်တို့ကား–ခြေတလှမ်း အတွင်းမှာပင် အမျိုးမျိုးပြောင်းလဲ၏၊ အမျိုးမျိုး ဖြစ်ပေါ်၏၊ အမျိုးမျိုး ချုပ်ပျက် သေဆုံး၏၊ သဏ္ဌာန်ကား- သက္ကာယဒိဋ္ဌိ နိုင်ငံတည်း၊ ဓာတ်တို့ကား သမ္မာဒိဋ္ဌိနိုင်ငံတည်း။

ထို့ကြောင့် မိမိတို့၏ ကိုယ်ခန္ဓာမှာ ဓာတ်အမှုတို့ကို မမြင်နိုင်ကြ၍ ဦးခေါင်းသဏ္ဌာန် မျက်စိသဏ္ဌာန် အစရှိကုန်သော သဏ္ဌာန်တို့ကိုသာ မြင်၍ နေကြကုန်မှုကား- သက္ကာယဒိဋ္ဌိတို့ချည်းသာတည်း၊ မိမိတို့ခန္ဓာကိုယ်မှာ ခဏမစဲ တသဲသဲ ဆိုက်ရောက်၍ နေသော ဇာတိဓမ္မကိုလည်း မမြင်နိုင်ကြ ကုန်လတ္တံ့၊ ဇရာဓမ္မကိုလည်း မမြင်နိုင်ကြကုန်လတ္တံ့၊ မရဏဓမ္မကိုလည်း မမြင်နိုင်ကြကုန်လတ္တံ့၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်ဟူ၍ တသက်လုံးမှာ တခါမျှ မတွေ့နိုင်ကြကုန်လတ္တံ့။

## လယ်တီဆရာတော် ဝိပဿနာလက်စွဲ

သဏ္ဌာန်အဆင်း ခုံလျှင်းက ဉာဏ်နှင့် ရှင်း၍ အကင်းရှုမှ အနိစ္စကို ဒိဋ္ဌမသွေ မြင်နိုင်ချေမည်တကား။

(သုတ်မဟာဝါ ပါဠိတော် နိဿယ)

ငါ၏ ခန္ဓာကိုယ်သည် အနိစ္စ, ဒုက္ခ, အနတ္တသာ ဖြစ်သည်ဟူ၍လည်း ရှုသောသူသည် ကာယာနုပဿနာ သတိပဋ္ဌာန်ကို ပွားစေသည်မည်၏၊ ဝေဒနာသုံးပါးကို အနိစ္စ, ဒုက္ခ, အနတ္တ အစရှိသည်ဖြင့် ရှုသောသူသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို ရှုသောသူမည်၏၊ မိမိ၏ စိတ်ကို အနိစ္စ, ဒုက္ခ, အနတ္တ အစရှိသည်ဖြင့် ရှုသောသူသည် စိတ္တာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို ရှုသောသူ မည်၏၊ မိမိ၌ ထင်ရှားရှိသော ကာမစ္ဆန္ဒနီဝရဏ

အစရှိသော တရားကို အနိစ္စ, ဒုက္ခ, အနတ္တ အစရှိသည်ဖြင့် ရှုသော သူသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကို ရှုသောသူမည်၏၊ အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာရေး သုံးပါးတို့နှင့်ကင်း၍ ကိလေသာ တည်းဟူသော အညစ်အကြေးတို့မှ မစင်နိုင်။

## ဆရာတော် ဦးဗုဓ်

(မဟာသတိပဋ္ဌာနသုတ် နိဿယ)

ကာယေ၊ ပထဝီကာယ စသည် အပေါင်း ဖြစ်ကုန်သော ရူပကာယ ခန္ဓာကိုယ်၌။ ကာယာနုပဿီ၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ အခြင်းအရာ အပေါင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ အဖန်တလဲလဲရှုသော ဝိပဿနာဉာဏ်ရှိသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဝေဒနာသု၊ သုခစသော ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာကို အနိစ္စ, ဒုက္ခ, အနတ္တဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ စိတ္တေ၊ သရာဂစိတ်စသည်၌။ စိတ္တာနုပဿီ၊ သရာဂစိတ်စသည်ကို အနိစ္စစသည်ဖြင့် အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ နီဝရဏစသော တရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏစသောတရားတို့ကို အနိစ္စစသည်ဖြင့် အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

လိုရင်းမှာ- သတိပဋ္ဌာန်လေးပါးစလုံး အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုရမည်ဖြစ်သည်။

အာနာပါနကို အားထုတ်ရန် ဘုရားရှင် ကိုယ်တော်တိုင် တိုက်တွန်းတော်မူခြင်း။

(မဟာဝဂ္ဂ သံယုတ်ပါဠိတော်)

## ပဒီပေါပမ သုတ္တန်

ခန္ဓာကိုယ်နှင့် မျက်စိတို့ မပင်ပန်းဘဲ လောဘ ဒိဋ္ဌိ မောဟကုန် ချင်လျှင် ဤအာနာပါန ကိုသာ အားထုတ်ပါဟု ဘုရားရှင် တိုက်တွန်းတော်မူခဲ့သည်။

(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ မဟာရာဟုလောဝါဒ သုတ္တန်)

## အာနာပါန၏ အကျိုးတရား ငါးပါး

၁။ တထိုင်တည်း၌ ရဟန္တာ ဖြစ်နိုင်သည်။

၂။ သေခါနီးအခါ သမသီသီရဟန္တာ ဖြစ်နိုင်သည်။

၃။ နတ်ပြည်ရောက်၍ နတ်သားဟောကြားသော တရားတော်ကို နာရ၍ ရဟန္တာဖြစ်နိုင်သည်။

၄။ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်သည်။

၅။ ဘုရားရှင်တို့၏ အထံမှာ တရားတော်ကို နာရ၍ အသိ လျင်မြန်သော ခိပ္ပါဘိညာ ရဟန္တာ ဖြစ်နိုင်သည်။

## သုတ်သီလက္ခန် အဋ္ဌကထာ အန္ဓပုထုဇ္ဇန်

တတ္ထ ယသ္မာ ခန္ဓဓာတု အာယတနာဒီသု ဥဂ္ဂဟပရိ ပုစ္ဆာ သဝန ဓာရဏာ ပစ္စဝေက္ခဏာနိ နတ္ထိ အယံ အန္ဓပုထု ဇ္ဇနော။

## အနက်

တတ္ထ၊ ထိုအန္ဓပုထုဇန် ကလျာဏ ပုထုဇန်တို့တွင်။ ယဿ၊ အကြင်ပုထုဇန်ပုဂ္ဂိုလ်အား။ ခန္ဓဓာတုအာယတနာဒိသု၊ ခန္ဓာ ဓာတ် အာယတန အစရှိသည်တို့၌။ ဥဂ္ဂဟပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာနံ၊သင်ခြင်း မေးမြန်းခြင်း နာကြားခြင်း ဆောင်ခြင်း ဆင်ခြင်ခြင်းတို့သည်။ နတ္ထိ၊ မရှိကုန်၏။ အယံ၊ ဤပုထုဇန်သည်။ အန္ဓပုထုဇနော၊ အန္ဓပုထုဇန် မည်၏။

## ကလျာဏပုထုဇန်

ယဿ တာနိ အတ္ထိ သော ကလျာဏ ပုထုဇ္ဇနော။

ယဿ၊ အကြင်ပုထုဇန် ပုဂ္ဂိုလ်အား။ တာနိ၊ ထိုခန္ဓာစသည်တို့၌ သင်ခြင်း,မေးမြန်းခြင်း,နာကြားခြင်း,ဆောင်ခြင်း, ဆင်ခြင်ခြင်းတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်။ သော၊ ထိုပုထုဇန်သည်။ ကလျာဏပုထုဇ္ဇနော၊ ကောင်းမြတ်သော ဉာဏ်ပညာရှိသော ကလျာဏပုထုဇန် မည်၏။

## ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စူဠသောတာပန်

အနိစ္စတော မနသိကရောန္တော၊ နိမိတ္တံ ယထာဘူတံ
ပဇာနာတိ ပဿတိ တေန ဝုစ္စတိ၊ သမ္မာဒဿနံ ။ပ။
ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော

ဗုဒ္ဓသာသနေ လဒ္ဓသာသော လဒ္ဓ ပတိဋ္ဌော နိယတဂတိ
ကော စူဠသောတာပန္နော နာမ ဟောတိ။

အနိစ္စတော၊ အနိစ္စအားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်း
သော ပုဂ္ဂိုလ်သည်။နိမိတ္တံ၊ သင်္ခါရနိမိတ်ကို။ ဝါ၊ ပုံပန်းသဏ္ဍာန်
ကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော သဘော
အလျောက်။ ဇာနာတိ၊ သိ၏။ ပဿတိ၊ မြင်၏။ တေန၊ ထိုသို့
အမှန်မြင်ခြင်းကြောင့်။ သမ္မာဒဿနံ၊ မဖောက်မပြန် အမှန်
မြင်တတ်သော တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ အကျိုးကြီး
မားသည်ကို ဆိုအံ့။ ဣမိနာဉာဏေန၊ ဤသို့ ဆိုပြီးသော ယထာ
ဘူတဉာဏ်နှင့်။သမန္နာဂတော၊ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿ
နာကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီသည်။ ဗုဒ္ဓသာသနေ၊
ဘုရားသာသနာတော်၌။ လဒ္ဓသာသော၊ ရအပ်သော သက်သာ
ရာရှိသည်။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော တည်ရာရှိသည်။ နိယတ
ဂတိကော၊ မြဲသောသုဂတိရှိသည် ဖြစ်၍။ စူဠသောတာပန္နော
နာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏။

**မှတ်ချက်**။ ။ခန္ဓာအာယတနစသည်တို့ကို (၁) သင်ကြားခြင်း၊
(၂) မေးမြန်းခြင်း၊ (၃) နာကြားခြင်း၊ (၄) နှုတ်ဖြင့်ဆောင်ခြင်း၊
(၅) စိတ်ဖြင့် ဆင်ခြင်ခြင်း၊ ၎င်းငါးချက်တို့ကို မပြုလုပ်သော
သူသည် ပညာမျက်လုံး ကန်းသော အန္ဓပုထုဇန် မည်၏။

ခန္ဓာအာယတန စသည်တို့ကို (၁)သင်ကြားခြင်း၊ (၂) မေး
မြန်းခြင်း၊ (၃) နာကြားခြင်း၊ (၄) နှုတ်ဖြင့် ဆောင်ခြင်း

(၅) စိတ်ဖြင့် ဆင်ခြင်ခြင်း၊ ၎င်းငါးချက်တို့ကို ပြုလုပ်သော သူသည် ပညာမျက်လုံး ကောင်းသော ကလျာဏပုထုဇဉ် မည်၏။

သဏ္ဌာန်နိမိတ်ကို ကျော်ခွင်း၍ အတွင်းက ပရမတ်အစု ဓာတ် အနုတို့ရဲ့ ဖောက်ပြန်ပျက်စီးနေတဲ့ အနိစ္စအချက်ကိုမြင်၍ အနိစ္စ ကို ရှုသောသူသည် သောတာပန်အငယ်ဟူသော စူဠသောတာပန် မည်၏။

(အင်္ဂုတ္တရပါဠိတော် ဆက္ကနိပါတ် သုဿုသတိသုတ်)

**အင်္ဂါခြောက်ပါးနှင့် ပြည့်စုံအောင်တရားနာလျှင်**
**မဂ်ဖိုလ် ရမည်**

တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ ဒေသိယမာနေ
သုဿူသတိ သောတံ ဩဒဟတိ၊ အညာ စိတ္တံ ဥပဋ္ဌာ
ပေတိ၊ အတ္ထံ ဂဏှာတိ၊ အနတ္ထံ ရိဉ္စတိ အနုလောမိကာယ
ခန္တိယာ သမန္နာဂတော ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ
ဆဟိ ဓမ္မေဟိ သမန္နာဂတော သုဏန္တော သဒ္ဓမ္မံ ဘဗ္ဗော၊
နိယာမံ ဩက္ကမိတုံ ကုသလေသု ဓမ္မေသု သမ္မတ္တံ။

တထာဂတပ္ပဝေဒိတေ၊ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော။ ဓမ္မဝိနယေ၊ သုတ် ဝိနည်း အဘိဓမ္မာကို။ ဒေသိယမာနေ၊ ဟောကြားတော် မူအပ်သည်ရှိသော်။ သုဿူသတိ၊ နာယူ၏။ သောတံ ဩဒဟတိ၊ နားစိုက်၍ ထောင်၏။ အညာ- အညာယ၊ သိခြင်းငှါ။ စိတ္တံ၊ စိတ်ကို။ ဥပဋ္ဌာပေတိ၊ ဖြစ်စေ၏။

အတ္ထံ၊ အကျိုးရှိသည်ကို။ ဂဏှာတိ၊ ယူ၏။ အနတ္ထံ၊ အကျိုးမရှိသည်ကို။ ရိဉ္စတိ၊ စွန့်၏။ အနုလောမိကာယ၊ ကိုးပါးသော ဝိပဿနာဉာဏ် မဂ်ဖိုလ်အားလျော်သော။ ခန္တိယာ၊ ဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ ဆဟိ၊ ခြောက်ပါးကုန်သော။ ဣမေဟိ-ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ သဒ္ဓမ္မံ၊ သူတော်ကောင်း တရားကို။ သုဏန္တော၊ ကြားနာရသည် ရှိသော်။ ကုသလေသု၊ အပြစ်မရှိကုန်သော။ ဓမ္မေသု၊ တရားတို့၌။ သမ္မတ္တံ၊ မဖောက်မပြန်သော သဘောဟုဆိုအပ်သော။ နိယာမံ၊ မဂ်ဉာဏ် တည်းဟူသော နိယာမသို့။ ဩက္ကမိတုံ၊ သက်ရောက်ခြင်းငှါ။ ဘဗ္ဗော၊ ထိုက်၏။

## တရားတော်နာရန် အင်္ဂါ (၆)ပါး မှတ်ချက်

၁။ တရားတော်ကို ကောင်းစွာနာယူခြင်း။

၂။ နားစိုက်၍ ထောင်ခြင်း။

၃။ အဓိပ္ပါယ်ကို သိအောင်ကြိုးစားခြင်း။

၄။ အကျိုးရှိသည်ကို ယူခြင်း။

၅။ အကျိုးမရှိသည်ကို စွန့်ခြင်း။

၆။ ခန္ဓာရဲ့အနိစ္စကို ရှုမြင်တဲ့ အနုလောမခန္တိနှင့် ပြည့်စုံခြင်း။ (အနိစ္စကိုရှုလျက် နာရမည်)

(အင်္ဂုတ္တရပါဠိတော် ပဉ္စကနိပါတ် သာရန္ဒဒသုတ်)

## ရခဲသော ရတနာ ငါးပါး

၁။ လောကမှာ ဘုရားပွင့်တို့ ရခဲလှ၏။

၂။ ဘုရားရှင်၏တရားတော်ကိုဟောကြားတတ်သော ပုဂ္ဂိုလ်ကို ရခဲလှ၏။

၃။ ဟောကြားတဲ့ တရားတော်ကို သိတတ်တဲ့ ပုဂ္ဂိုလ်ကိုလဲ ရခဲလှ၏။

၄။ သိပြန်တော့ သိတဲ့အတိုင်း လောကုတ္တရာ တရားနဲ့ လျော်အောင် ကျင့်သူကိုလဲ ရခဲလှ၏။

၅။ သူပြုဘူးသော ကျေးဇူးကို သိတတ်သော ပုဂ္ဂိုလ်ကိုလဲ ရခဲလှ၏။

(အင်္ဂုတ္တရပါဠိတော် ပဉ္စကနိပါတ် ဓမ္မဿဝနသုတ်)

အဿုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ၊ ကင်္ခံ ဝိတရတိ၊ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တမဿ ပသီဒတိ၊ ဣမေ ခေါ ဘိက္ခဝေ၊ ပဉ္စာနိသံသာ ဓမ္မဿဝနေတိ။

## တရားတော်နာလျှင် ရသောအကျိုး ငါးပါး

၁။ မကြားဘူးသည်ကို ကြားနာရခြင်း။

၂။ ကြားဘူးပြီးသောတရားကို အသိစင်ကြယ်စေခြင်း။

၃။ ယုံမှားကင်းခြင်း။

၄။ အယူဖြောင့်မတ်ခြင်း။

၅။ ထိုသူ၏စိတ်သည် တရားတော်ကို ကြည်ညိုနိုင်ခြင်း။

## သူတော်ကောင်းတရား နောက်ကို မလိုက်နိုင်တဲ့ အကြောင်း(၇)ပါး

### ရစနာ ဂါထာ

ဥဇ္ဈာတိ ခနိတာ ကုန္ဒံ၊ ယောဗ္ဗနံ ရူပသမ္ပဒါ။
ဂဏာရာမော သိဗ္ဗိတာ စ၊ သတ္တေတေ မဒဟေတုကာ။

ဥဇ္ဈာတိ စ၊ အမျိုးမြတ်ခြင်းသည်ရင်း။ ခနိတာ စ၊ ပစ္စည်း ဥစ္စာပေါများခြင်းရင်း။ ကုန္ဒံ စ၊ အာဏာတန်ခိုး ကြီးမားခြင်းရင်း။ ယောဗ္ဗနံ စ၊ အရွယ်ပျိုမြစ်ခြင်းရင်း။ ရူပသမ္ပဒါ စ၊ အရုပ်အဆင်းလှပခြင်းရင်း။ ဂဏာရာမော စ၊ အပေါင်းအဖော်များနှင့် ပျော်ပါး၍ နေခြင်းရင်း။ သိဗ္ဗိတာ စ၊ ခေတ်အားလျော်စွာ ပညာတတ်မြောက်ခြင်းရင်း။ ဧတေ သတ္တ၊ ဤ (၇) ပါးသော အချက်ကြီးတို့သည်၊ မဒဟေတုကာ၊ သူတော်ကောင်း တရားကို မေ့လျော့ခြင်း၏ အကြောင်းရင်းတို့ ပါပေတည်း။

## သူတော်ကောင်းတရားကို မေ့လျော့ခြင်း၏ အကြောင်း ၇-ပါး ရှစ်လုံးဘွဲ့

၁။ အမျိုးမှီလျက်၊ တက်တဲ့မာန်ဟာ၊
တိမ်တောင်တိမ်ခဲ၊ တိမ်မဲပမာ၊
သူတော်ကောင်းတရား၊ မှတ်သားသေချာ၊
လရောင်နဲ့....တကယ့်တူပြန်တာ။

၂။ လရောင်ဟာကွဲ့၊ သာတဲ့အခါ၊
တိမ်တိုက်တိမ်နက်၊ သူတက်၍လာ၊
ဖုံးအုပ်လေက၊ ကြည့်ကြသေချာ၊
ရွှေလမင်း.... အရှင်း သူမသာ။

၃။ ပစ္စည်းမှီလျက်၊ တက်တဲ့မာန်ဟာ၊
တိမ်တောင်တိမ်ခဲ၊ တိမ်မဲပမာ၊
သူတော်ကောင်းတရား၊ မှတ်သားသေချာ၊
လရောင်နဲ့.... တကယ့်တူပြန်တာ။

၄။ အာဏာမှီလျက်၊ တက်တဲ့မာန်ဟာ၊
တိမ်တောင်တိမ်ခဲ၊ တိမ်မဲပမာ၊
သူတော်ကောင်းတရား၊ မှတ်သားသေချာ၊
လရောင်နဲ့.... တကယ့်တူပြန်တာ။

၅။ အရွယ်မှီလျက်၊ တက်တဲ့မာန်ဟာ၊
တိမ်တောင်တိမ်ခဲ၊ တိမ်မဲပမာ၊

သူတော်ကောင်းတရား၊ မှတ်သားသေချာ၊
လရောင်နဲ့.... တကဲ့တူပြန်တာ။

၆။ အဆင်းမှီလျက်၊ တက်တဲ့မာန်ဟာ၊
တိမ်တောင်တိမ်ခဲ၊ တိမ်မဲပမာ၊
သူတော်ကောင်းတရား၊ မှတ်သားသေချာ၊
ရွှေလမင်း....အရှင်း သူမသာ။

၇။ အဘော်များနဲ့၊ မေ့ကြွားနေတာ၊
တိမ်တောင်တိမ်ခဲ၊ တိမ်မဲပမာ၊
သူတော်ကောင်းတရား၊ မှတ်သားသေချာ၊
လရောင်နဲ့.... တကယ့်တူပြန်တာ။

၈။ ပညာမှီးလျက်၊ တက်တဲ့မာန်ဟာ၊
တိမ်တောင်တိမ်ခဲ၊ တိမ်မဲပမာ၊
သူတော်ကောင်းတရား၊ မှတ်သားသေချာ၊
လရောင်နဲ့....တကယ့်တူပြန်တာ။

၉။ လရောင်ဟာကွဲ့၊ သာတဲ့အခါ၊
တိမ်တိုက်တိမ်နက်၊ သူတက်ရှိလာ၊
ဖုံးအုပ်လေက၊ ကြည့်ကြသေချာ၊
ရွှေလမင်း....အရှင်းသူမသာ။

## သတိပေးချက်

ဥစ္စာပစ္စည်း ကုဋေ (၈၀)ချမ်းသာသော်လဲ မှန်ကန်စွာ မသုံးလိုက်မိတဲ့အတွက်၊ သေတော့ လူပြိတ္တာဖြစ်ရတဲ့ အာနန္ဒာသူဌေးကြီးကို ထောက်ရှုရင်း။

ကပဿဘုရားရှင် လက်ထက်တော်က ပိဋကတ်သုံးပုံကို တတ်မြောက်တဲ့ ကပိလရဟန်းဟာ ပရိယတ္တိနဲ့ အခြံအရံကိုမှီပြီး တက်ကြွထောင်လွှားတဲ့ မာန်မာနကြောင့် အပ်တာကို မအပ်ဘူး၊ ကျင့်အပ်တာကို မကျင့်အပ်ဘူး စသည်ဖြင့် မဟုတ်တာတွေ ဟောပြောမိကဲ့ အတွက် အသက်ဆုံးတော့ အဝီစိငရဲရောက်ရတယ်၊ သူ့ရဲ့မိခင် သာဓနီ ညီမလေးတာပနာတို့လဲ သူ့အယူကို သဘောကျပြုလုပ်ခဲ့မိလို့ သေတဲ့အခါ သူနဲ့အတူတူ အဝီစိကိုရောက်ကြတယ်၊ အဲဒီ ကပိလရဟန်းရဲ့ ဝတ္ထုကို ထောက်ရှုရင်း၊ ထိုကဲ့သို့ မနစ်နာကြရလေအောင် ရရှိလာတဲ့ ပစ္စည်းနဲ့ ပညာတို့ကို မှန်ကန်စွာ ကျင့်သုံး၍ လမ်းဆုံးရာ နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်လွယ်နိုင်ကြပါစေကုန်သတည်း။

ချမ်းသာကြပါစေ။